မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၂၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၅၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ✻ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ✻ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဘိုကလေးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးထုတ်ကုန်များတိုးတက်ရေး စပါးတစ်ဧက တင်း ၁၀၀ ပန်းတိုင်အထွက်နှုန်းရရေးကြိုးပမ်း
သီးနှံအလိုက် ပန်းတိုင်အထွက်တိုးရေး မျိုးကောင်းမျိုးသန့် သုံးစွဲရေး မပြစ်မနေ လုပ်ဆောင်
နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ဆက်လက်တည်မြဲနေအောင် လုံခြုံရေးသတိဖြင့် လက်တွဲထိန်းသိမ်း

ရန်ကုန် ဇွန် ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့သို့ ယမန်နေ့ နံနက်ပိုင်းတွင် သွားရောက်ပြီး ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားကာ ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

တိုးချဲ့ပြုပြင်

ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် နံနက် ၆ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် လှိုင်သာယာ-ကော့မှူး-ကွမ်းခြံကုန်း ကားလမ်းတိုးချဲ့ပြုပြင်ပြီးစီးမှုများနှင့် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲတံတား၊ ဖျာပုံတံတားနှင့် ဒေးဒရဲ-ဖျာပုံ-ဘိုကလေး လမ်းတို့ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ဖွင့်လှစ်ခဲ့သည့် ဘိုကလေး မြို့နယ် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ဆေးရုံဖွင့်လှစ်ပြီးနောက် လူနာများအား လက်ခံကုသပေးမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ကာကွယ်ဆေးထားသိုခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ကြည့်ရှုအားပေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ခုတင် (၅၀) ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံဟောင်း၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် IOM တို့ ပူးပေါင်းဖွင့်လှစ်သည့်

စာမျက်နှာ ၈ ကော်လံ ၁ ◆

ဧရာဝတီတံတား(ညောင်တုန်း)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း၌ တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

20-6 (01).pmd 1 6/20/2011, 1:49 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇွန် ၂၀ ရက်)

အားကစားဖြင့် နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေး ရည်မှန်းချက်ထားကြိုးစား

နိုင်ငံတစ်ခု၏ဂုဏ်သိက္ခာ မြင့်မားထည်ဝါရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာ အဆင့် အားကစားပြိုင်ပွဲများမှ အောင်မြင်မှုရရှိခြင်းသည်လည်း နိုင်ငံ၏ဂုဏ်သိက္ခာကို နိုင်ငံတကာ အလယ်တွင် တင့်တယ်ထင်ရှားနိုင်ပေသည်။

မကြာမီအချိန်ကာလတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ အသီးသီးအနေဖြင့် အားကစားသမားများကို စခန်းသွင်းပြီး အပြင်းအထန် လေ့ကျင့်နေကြပြီဖြစ်သည်။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေးအတွက် မြန်မာ့အားကစား အောင်နိုင်ရေးအလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၈ ရက်က နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကား ပြောကြားရာတွင် ''မြန်မာ့အားကစားအဖွဲ့များအနေဖြင့် မိမိတို့သည် အားကစားဖြင့် နိုင်ငံ့ဂုဏ်သိက္ခာ မြှင့်တင်နိုင်ရေးရည်မှန်းချက်အပြင် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် တစ်မျိုးသားလုံးက အားပေးချီးမြှောက်နေသည့်အချိန်အခါတွင် နိုင်ငံ့ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းနှင့် ပြိုင်ပွဲတိုင်းအနိုင်ရရှိအောင် ကြိုးစားရခြင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားကစားသမားများအားလုံး၏ ပခုံးထက်မှာကျရောက်နေသည်''ဟု ထည့်သွင်းပြောကြားခဲ့ပေသည်။

ယနေ့အချိန်တွင် မိမိတို့နိုင်ငံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အားကစားသမားများကလည်း အားကစားဖြင့် နိုင်ငံ့ဂုဏ်သိက္ခာ မြှင့်တင်နိုင်ရေးအတွက် ရည်မှန်းချက်ထားကာ ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ အားကစားသမားများအနေဖြင့် ယှဉ်ပြိုင်ကစားရသော နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရိုးသားကြိုးစားမှုများဖြင့် ယှဉ်ပြိုင်အနိုင်ယူ၍ အောင်မြင်မှုရလဒ်ကောင်းများကို ဆောင်ကြဉ်းကာ မြန်မာ့အားကစား ကမ္ဘာ့အလယ် ဝင့်ထည်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ကနောင်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇွန် ၁၉

ကနောင်အသင်း(ရန်ကုန်)၏ အဌမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၁၅) နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ကျောင်းတိုက် တာမွေမြို့နယ်၌ကျင်းပမည်ဖြစ်ရာ အသင်းဥက္ကဋ္ဌ ဦးတင်ဝင်း ဖုန်း-၂၉၂၂၁၃၊ ၀၉-၅၁၅၀၄၉၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ထွန်းကြည် ဖုန်း-၅၈၀၃၆၀၊ ၀၉-၅၁၂၁၀၂၈၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးမြင့်အေး (ငြိမ်း)ဖုန်း-၂၉၈၁၁၈၊ ၀၉-၈၃-၀၀၄၆၇နှင့် အတွင်းရေးမှူး ဦးချစ်ထွေး ဖုန်း-၀၉-၅၁၈၇၇၈၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ရေစီးရေလာကောင်းမွန်ရေး ကျွန်းလှ၌ ဆောင်ရွက်

ကျွန်းလှ ဇွန် ၁၉

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းဘေးဝဲယာတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ရေမြောင်းများရေစီးရေလာကောင်းမွန်စေရေးအတွက် ဇွန် ၄ ရက် နံနက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မွမ်းမံသင်တန်း လှည်းကူးမြို့နယ်၌ ဖွင့်လှစ်

လှည်းကူး ဇွန် ၁၉

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ အမှတ်(၃) ဌာနခွဲ ယာဉ်လိုင်းများ မိုးရာသီယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မွမ်းမံသင်တန်း(၃/၂၀၁၁) ဖွင့်ပွဲကို ဇွန် ၁၇ ရက် ညနေ ၆ နာရီက လှည်းကူးမြို့နယ်ခန်းမ၌ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းတင်က အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် သီရိမြိုင်သင်တန်းကျောင်း ကျောင်းအုပ်ကြီးကိုယ်စား ဒုတိယရဲအုပ်သိန်းစိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

(အပေါ်ပုံ)

တက်ရောက်

သင်တန်းကို ဇွန် ၁၇ရက် မှ ၂၀ ရက်အထိ ဖွင့်လှစ်ရာ အဆိုပါသင်တန်းသို့ သင်တန်းသား ၃၀၀ တက်ရောက်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ငါးသယံဇာတ ထိန်းသိမ်းကာကွယ်ရေး လက်ပံတန်းမြို့နယ်၌ ပညာပေးဟောပြော

လက်ပံတန်း ဇွန် ၁၉

လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးရစ်ငါးသန် ရာသီချိန်တွင် ငါးများဥချရန်နေရာရှာ၍ ငါးရစ်တက်ချိန်ဖြစ်သောကြောင့် ငါးဖမ်းဆီးခြင်းမပြုလုပ်ရန်၊ ငါးမျိုးပြုန်းတီးခြင်းတို့ ဖြစ်စေနိုင်သော ဘက်ထရီရှော့ခ်တိုက်ခြင်း (ကျဉ်စက်)ဖြင့် ငါးဖမ်းခြင်းကိုမပြုလုပ်ရန်၊ တရားမဝင်နည်းလမ်းများဖြင့် ငါးဖမ်းဆီးခြင်းမပြုလုပ်ရန်နှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲကို ဇွန် ၄ ရက်က လက်ပံတန်းမြို့နယ် သာရဝေါကျေးရွာအုပ်စု သာရဝေါတွင် ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဒေါ်ချိုချိုနိုင်နှင့် ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ငွေငွေအောင်တို့က ငါးသယံဇာတထိန်းသိမ်းကာကွယ်ရေးနှင့် ငါးရစ်ငါးသန် ရာသီချိန်တွင် ငါးဖမ်းဆီးမှုများ မပြုလုပ်ကြရေးကို အသိပေးစည်းရုံးဟောပြောကြပြီး အစည်းအဝေးတက်ရောက်သူများက သိလိုသည်များ မေးမြန်းခြင်းကို ပြန်လည်ဖြေကြား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ်ငါးလုပ်ငန်းဦးစီး)

ဇွန် ၁၀ ရက်က အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် မြသန္တာဘုန်းကြီးကျောင်း၌ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီက မီးဘေးသင့်အိမ်ထောင်စုများသို့ ပေးအပ်သော ထောက်ပံ့ပစ္စည်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာနော်သန္တာဆွေ၊ မြို့နယ် ကြက်ခြေနီတပ်ရင်းမှူး ဒုတိယရဲမှူးမြင့်သိန်းနှင့် ဒုတိယတပ်ရင်းမှူးနီထွန်းတို့က မီးဘေးသင့် အိမ်ထောင်စုဝင် တစ်ဦးအား ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

လောင်းလုံမြို့တွင် မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့ပေါ်လေးရပ်ကွက်အတွင်း အဖွဲ့ဝန်ထမ်းများနှင့် ရပ်ကွက်နေ ပြည်သူများ ပူးပေါင်း၍ ရေမြောင်းများ တူးဖော်နေမှုကို မေ ၂၆ ရက်က အမှုဆောင်အရာရှိ ဦးထွန်းမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ-(၂) ဦးစိုးထိုက်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင် မဟာဗျူဟာမြောက် ရထားလမ်းဖြစ်လာမည့် ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေး နေ့မအား ညမနား ကြိုးစားဆောင်ရွက်နေ

နေပြည်တော် ဇွန် ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် ဒုတိယဝန်ကြီးသူရဦးသောင်းလွင်နှင့်အတူ ဇွန် ၁၈ ရက်တွင် ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်အကြားအရှည် ၁၃၁ ပေရှိ မုန်းချောင်းတံတား အမှတ်(၁)နှင့် အရှည် ၄၉၀ ဒသမ ၆ ပေရှိ မုန်းချောင်းတံတား အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး Bore Pile တူးခြင်း ဆောင်ရွက်နေမှု၊ ရေလယ်တိုင်များ ဆောင်ရွက်ပြီးစီးမှု၊ ကြိုတင်အား ဖြည့်ကွန်ကရစ်တံတားပေါင်(PC Girder)ထုတ်လုပ်ထားရှိမှုနှင့် ကွန်ကရစ်တံတားပေါင်များတင်ရန် ဘေလီဖြင့် ယာယီအစီအစဉ် ပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြိုးစားဆောင်ရွက်

ထို့နောက် စလင်းမြို့နယ် ဆင်ဖြူကျွန်းအနီး အရှည် ၁၅၃၉ ပေရှိ စလင်းချောင်းတံတား တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိပြီး တံတားများပြီးစီးသွား၍ ပွင့်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်း ဖွင့်လှစ်နိုင်မည်ဆိုပါက ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း တစ်ခုလုံး ပြီးစီးသွားမည် ဖြစ်ကြောင်း၊ ကြံခင်း-ပခုက္ကူရထား လမ်းမကြီးသည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင် မဟာဗျူဟာမြောက် ရထားလမ်းဖြစ်လာမည်ဖြစ်သဖြင့် တာဝန်ရှိသူများက နေ့မအား ညမနား ကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ စလင်းချောင်းတံတား လုပ်ငန်းခွင်သို့ သွားရောက်ပြီး Bore Pile တူးခြင်းလုပ်ငန်း၊ရေလယ်တိုင်များ Pile Cap နှင့် Pire Shift လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီး-မကွေးရထားလမ်းပိုင်း ကန်နီလေး ဘူတာမှ မိချောင်းရဲမြို့အနီးရှိ ဧရာဝတီတံတား (မလွန်) ချဉ်းကပ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ချဉ်းကပ်ရထားလမ်း မြေသားလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ မိချောင်းရဲမြို့အနီး ဧရာဝတီတံတား(မလွန်)ချဉ်းကပ်ရထားလမ်းပိုင်း အရှည် ၃၂၇ ဒသမ ၆ ပေရှိ စစ်ကိုးပင်ချောင်း တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်သွယ်သွားလာနိုင်

အဆိုပါ ချဉ်းကပ်ရထားလမ်းသည် ၁၄ ဒသမ ၇၄ မိုင် ရှည်လျားမည်ဖြစ်ပြီး တောင်တွင်းကြီးဘူတာမှ ဧရာဝတီမြစ်ကူးတံတား(မလွန်)ကို ဖြတ်သန်း၍ ကြံခင်း-ပခုက္ကူရထားလမ်းပေါ်ရှိ မလွန်ဘူတာသို့ ဆက်သွယ်သွားလာနိုင်မည့် ဧရာဝတီ (မြစ်ဖြတ်) ရထားလမ်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
၇:၂၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇:၅၀ ၄။ သံသာချို အေးမင်္ဂလာတေး
၈:၀၀ ၅။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀ ၈။ အရေးပြိုင်ပွဲ
၈:၃၀ ၉။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခြင်း)
၅:၀၀ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၅:၂၀ ၈။ မြန်မာစာ၊မြန်မာစကား
၅:၃၅ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၁)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၇)
၁၉။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၁၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် ၃ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်သည် အားပျော့ပျက်ပြယ်သွားပြီ ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇွန် ၂၀ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်း အသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ပြည်သူအပေါ်ယဉ်ကျေးပျူငှာစွာဆက်ဆံ၊ ကိုယ်ချင်းစာတရားထားရှိ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် လုပ်ငန်းများထိရောက်လျင်မြန်စွာဖော်ဆောင်

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများ၊ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းတို့နှင့်အတူ ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများ၊ ဝန်ထမ်းများအား တွေ့ဆုံသည်။

ဝိုင်းဝန်းကြိုးပမ်း

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ သတ်မှတ်ချိန်အတွင်း သတ်မှတ်နှုန်းထားအတိုင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန်ရှိကြောင်း၊ ယင်းလုပ်ငန်းဆောင်ရွက်ချက်များသည် ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူများနားလည်သဘောပေါက်စေရေးအတွက် ရှင်းလင်းချပြမှုများ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူ့ဆန္ဒကိုအလေးထားဖြည့်ဆည်း ဆောင်ရွက်ပေးရန်နှင့် ပြည်သူအပေါ် ယဉ်ကျေးပျူငှာစွာ ဆက်ဆံ၍ ကိုယ်ချင်းစာတရားထားရှိကြရန်လိုကြောင်း၊ ပြည်သူ့ဝန်ထမ်းပီပီ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် မိမိလုပ်ငန်းများကို နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများ ထိရောက်မြန်ဆန်စေရေးအတွက် ဆက်စပ်ဌာနများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းစသည်ဖြင့် ရှင်းလင်းမှာကြားသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းဆက်စပ်ဆောင်ရွက်ရသည့်ဌာနများမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများအား တွေ့ဆုံကာ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆက်စပ်ဆောင်ရွက်ရမည့်လုပ်ငန်းအခြေအနေများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် တောင်ကြီးမြို့နယ်ဦးစီးဌာနမှူးရုံး၏ မှတ်တမ်းခန်းနှင့် ရုံးခန်းများ၊ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ ဧည့်ရိပ်သာ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများအား တွေ့ဆုံကာ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်နှင့် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးရမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိုင်အယ်လ်အိုရုံး အမှုဆောင်ညွှန်ကြားရေးမှူး မစ္စတာဂိုင်းရိုက်ဒါက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအစိုးရနှင့် အိုင်အယ်လ်အိုတို့အကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

ရှင်းလင်းပြောကြား

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၄ ရက် နံနက် ၈ နာရီတွင် အာဆီယံ အလုပ်သမားဝန်ကြီးများ၏ နံနက်ခင်း အလုပ်သဘော တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံ၏ဖြစ်ပေါ် တိုးတက်မှု အခြေအနေများနှင့် အလုပ်သမားဝန်ကြီးဌာနက ဥပဒေမူကြမ်းများရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အကြိမ်(၁၀၀)မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က မိန့်ခွန်းပြောကြားရာတွင် လူမှုအကာအကွယ်ပေးမှုသည် ပြည်သူလူထုအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း၊ အလုပ်အကိုင်များ ပိုမိုရရှိစေမှု၊ ကျား/မ တန်းတူရည်တူရှိမှု၊ စီးပွားရေးအခိုင်အမာ တိုးတက်စေမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို တိုးမြှင့်ဆောင်ရွက်နေသကဲ့သို့ ထိရောက်သော လူမှုဖူလုံရေး အကျိုးခံစားခွင့် ရရှိရေးအတွက်လည်း နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ အလုပ်သမားများအား လူမှုရေးအကာအကွယ်ပေးမှုနှင့် အကျိုးကျေးဇူးများ ပိုမိုရရှိစေမည့် လူမှုဖူလုံရေး ဥပဒေအသစ်နှင့် အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအသစ်တို့အတွက် မူကြမ်းများရေးဆွဲနေပြီဖြစ်ကြောင်း။

လက်ငင်းဖော်ဆောင်

နိုင်ငံတော် သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်သို့ ပြောကြားခဲ့သည့်မိန့်ခွန်း၌ တောင်သူလယ်သမား၊ အလုပ်သမားများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးပံ့ပိုး ဆောင်ရွက်သွားရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းပေါ်များရေး၊ လုပ်ငန်းခွင်သက်သာချောင်ချိရေးနှင့် လူမှုဖူလုံရေးခံစားခွင့် အပြည့်အဝရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းတွင်ရှိသော အလုပ်သမားများသာမက ပြည်ပမှာ လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား အလုပ်သမားများ၏ တရားဝင် အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန် လုပ်ဆောင်ပေးသွားမည်ဟု ရှင်းလင်းစွာဖော်ပြခဲ့ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲများ၊ စီမံချက်ရေးဆွဲပြုစုခြင်းနှင့် လက်ငင်းအကောင်အထည်ဖော်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် ညီလာခံသို့ ဆက်လက်တက်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သည့် ဘူတန်နိုင်ငံ အလုပ်သမားဝန်ကြီး မစ္စတာလျွန်ပိုဒေါ်ဂျီဝမ်ဒီနှင့်အဖွဲ့အား ကုလသမဂ္ဂ အဆောက်အအုံ၌ တွေ့ဆုံကာ အိုင်အယ်လ်အိုရေးရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အတွေ့အကြုံနှင့် အကြံဉာဏ်များကို မျှဝေပေးခဲ့ပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

အသိအမှတ်ပြု

အလားတူပင် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အလုပ်ရှင်ကိုယ်စားလှယ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်သည် ဇွန် ၁၀ ရက်တွင် ကျင်းပသည့် အကြိမ်(၁၀၀)မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ မျက်နှာစုံညီအစည်းအဝေး၌ ဆွေးနွေးပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ခေတ်မီစက်မှုနိုင်ငံထူထောင်ရာ၌ လုပ်ငန်းရှင်များသည် အလုပ်သမားများ၏ လူမှုစီးပွားရေးဘဝမြှင့်တင်ရေး လုပ်ငန်းများ၏ အရေးကြီးမှုကို အသိအမှတ်ပြုကြောင်းနှင့် လူမှုရေးတာဝန်ရှိမှုများကိုလည်း လိုက်နာကျင့်သုံးသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကြည် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှထွက်ခွာခဲ့ပြီး ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့ ပဲခူးတက္ကသိုလ် အဆင့်တိုးမြှင့်ဖွင့်ပွဲသို့ တက်ရောက်

နေပြည်တော် ဇွန် ၁၉

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းတို့သည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ပဲခူးတက္ကသိုလ်အဆင့်တိုးမြှင့်ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ပဲခူးတက္ကသိုလ် ပင်မဆောင် MB-250 ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း **(အပေါ်ပုံ)**နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းတို့က အမှာစကားပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပဲခူးတက္ကသိုလ်မှော်ရုံတည်ဆောက်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက အလှူငွေကျပ် ၁၀ သိန်း၊ ဧရာဝဏ် ပုံနှိပ်လုပ်ငန်းက အလှူငွေကျပ်ငါးသိန်းနှင့် ကျန်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းမှု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၉

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ပွင့်ဖြူမြို့နယ် လယ်ဖီလာ ကျေးရွာ၌ Myanmar Golden Seeds Co., Ltd. ၏ အဆင့်မြင့်လယ်ယာဖော်ထုတ် စိုက်ပျိုးရေးလုပ်ငန်း ဧရိယာအတွင်းရှိ လယ်မြေ ၂၅ ဧက၌ ခေတ်မီမြေယာပြုပြင်စက်များဖြင့် မိုးစပါးစိုက်ပျိုးနေမှုနှင့် အဆင့်မြင့်နည်းပညာကို အသုံးပြု၍ ပျိုးဗန်းများဖြင့် ပျိုးထောင်မှုအဆင့်ဆင့် လက်တွေ့သရုပ်ပြမှုများကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးဆောင်ရွက်

အဆိုပါ အဆင့်မြင့်လယ်ယာဖော်ထုတ် စိုက်ပျိုးရေးလုပ်ငန်း၌ လယ်မြေစုစုပေါင်း ၆၃ ဒသမ ၆ ဧကကို ခေတ်မီလယ်ယာသုံး စက်ကိရိယာများ အသုံးပြု၍ နှစ်ဧကအကွက်များ တစ်ဆက်တစ်စပ်တည်း ဖော်ထုတ်ပြီး လိုအပ်သောမြေဆီဩဇာများ စနစ်တကျထည့်သွင်းကာ ခေတ်မီ၍ စနစ်ကျသော အဆင့်မြင့်လယ်ယာမြေအဖြစ် မိုးစပါး၊ ကုလားပဲ၊ နှမ်းစပါးတို့ကို တစ်နှစ်သုံးသီးစနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် မဲဇလီရေလွှဲဆည်၊ တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးများတစ်လျှောက် ရေစီးရေလာကောင်းမွန်မှုနှင့် မိုးစပါးစိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာရှိ တောင်သူဦးသန်းကို၏ ပေါင်းစည်းလယ်ယာမြေ၌ နှမ်းစပါးရှစ်ဧကရိတ်သိမ်းနေမှု၊ စားဖိုချောင်သုံး သီးနှံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇွန် ၁၈ ရက် နံနက် ၉ နာရီတွင် မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသော မကွေးတိုင်းဒေသကြီး ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲသို့တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ မကွေးခရိုင်နှင့် မင်းဘူးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ အသက် ခြောက်နှစ်မှ ရှစ်နှစ်အထိ အဆင့်(၁)ပြိုင်ပွဲဝင် ၁၁ ဦး၊ အသက် ကိုးနှစ်မှ ၁၂ နှစ် အထိ အဆင့်(၂) ပြိုင်ပွဲဝင် ၄၅ ဦး၊ အသက် ၁၃ နှစ်မှ ၁၅နှစ်အထိအဆင့်(၃) ပြိုင်ပွဲဝင် ၆၂ ဦး၊ အသက် ၁၆နှစ်မှ ၁၈နှစ်အထိ အဆင့်(၄)ပြိုင်ပွဲဝင် ၁၁ ဦးနှင့် အလွတ်တန်း အဆင့်(၅) ပြိုင်ပွဲဝင်သုံးဦး စုစုပေါင်း ၁၃၂ ဦးတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ပိုစတာပြိုင်ပွဲအပြင် အခြေခံပညာ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ တက္ကသိုလ်ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲများကို ယနေ့ ဆက်လက်ကျင်းပခဲ့ပြီး မကွေးတိုင်းဒေသကြီး အတွင်းရှိ သရက်ခရိုင်၊ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါ ခရိုင်များ၌လည်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၉

ရှမ်းပြည်နယ် ၂၀၁၁ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းကျောင်းဆောင်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူတို့သည် ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဝင်ရောက်ယှဉ်ပြိုင်

အဆိုပါ ၂၀၁၁ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် တောင်ကြီး၊ ညောင်ရွှေ၊ ဟိုပုံးနှင့် ကလောမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၀-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာ့ရှုခင်း
၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၁၅ ၆။ စိုက်ပျိုးသုတ
၄း၂၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၈။ လျှပ်တစ်ပြက်
၄း၄၅ ၉။ ဗွီစီဒီကျော်ကြားတေး
၅း၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -**ဟာသလွှင်ပြင်** (အပိုင်း -၁၁)
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၄။ **သံစဉ်လမ်းက လင်းလက်ကြယ်**
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း -၃၃)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ Talk of The Town
၂၂။ မေးမြန်းစူးစမ်း
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း-၁၂)
၂၅။ Mini Series
၂၆။ သင့်အတွက်မနက်ဖြန်

စာအုပ်စာပေ လူ့မိတ်ဆွေ

20-6 (04).pmd 1 6/20/2011, 1:49 AM

တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ရပ်စောက်မြို့၌ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၉

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက ရပ်စောက်မြို့ ရတနာသီရိ ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်၍ ရပ်စောက်မြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု ၁၃ အုပ်စု အတွက် ကျောင်းသုံးစာသင်ခုံများကို လည်းကောင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်က ကျောက်သင်ပုန်းများကိုလည်းကောင်း၊ ပြည်နယ် ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာမျိုးထွန်းက ကျေးရွာ အုပ်စု ၂၀ အတွက် တစ်အုပ်စုလျှင် ဗလာစာအုပ်ဒါဇင် ၂၀နှင့် ခဲတံဒါဇင် ၂၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မားသဲရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်ပြုပြင်ရန်နှင့် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု မြို့ဦး(၁)နှင့် မြို့ဦး(၂)ကျေးရွာ ရေပိုက်သွယ်တန်းရန်၊ ရေတိုင်များပြုလုပ်ရန်နှင့် စက်ရေတွင်းတူးရန် အလှူငွေများ၊ ဥတ္တံတားရပ်ကွက်တိုးနီဓမ္မာရုံအတွက် မီတာနှင့် ဆက်စပ်ပစ္စည်းများအတွက် အလှူငွေကျပ်တစ်သိန်းနှင့် တောင်ဖီလာဘုန်းတော်ကြီးကျောင်း စက်ရေတွင်းတူးရန် အလှူငွေကျပ် ငါးသိန်းလေးသောင်းတို့ကို အလှူရှင်များက ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော တစ်ဘာသာဂုဏ်ထူးရှင် ၁၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် လေးဘာသာဂုဏ်ထူးရှင် တစ်ဦးတို့အား တာဝန်ရှိသူတို့က ဆုများ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦးအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ရပ်စောက်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး မကျီးကုန်း ကျေးရွာအုပ်စု မြောင်းတော်ကျေးရွာ ရွှေပုဇွန်စိုက်ပျိုးရေးခြံကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝက်နားရွက်ပြာရောဂါအကြောင်း သဲကုန်းမြို့၌ ဟောပြော

သဲကုန်း ဇွန် ၁၉

ဝက်နားရွက်ပြာရောဂါအကြောင်း ပညာပေးဟောပြောပွဲကို မေ ၂၂ ရက် မွန်းလွဲ၁နာရီက သဲကုန်းမြို့နယ် ကြို့ပင်သာကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ ရေးဦးစွာ ကျေးရွာအုပ်ချုပ်ရေးမှူးဦးမောင်ကိုက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးအရာရှိ ဒေါက်တာအေးသွင်က ဝက်နားရွက်ပြာရောဂါအကြောင်း ပညာပေး ဆွေးနွေးဟောပြောသည်။

မေးမြန်းဆွေးနွေး

ထို့နောက် ဝက်မွေးမြူရေးပိုင်ရှင်များနှင့်တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးရာသီကျွန်းပင်စိုက်ပျိုးရေး ကျောက်တန်း၌ဟောပြော

ရန်ကုန် ဇွန် ၁၉

သန်လျင်မြို့နယ် သစ်တောဦးစီးဌာနကျောက်တန်းနယ်မြေအတွင်း ၂၀၁၁-၂၀၁၂ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင်ကျွန်းသုံးပင်စိုက်ပျိုးရေး ပညာပေးဟောပြောပွဲကို မေ ၂၅ ရက်က ညောင်ဝိုင်းကျေးရွာ၌ကျင်းပရာ ဟောပြောပွဲတွင် ညောင်ဝိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမင်းဇော်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးမင်းဝင်းထွဋ်က စိုက်ပျိုးရသည့်ရည်ရွယ်ချက်နှင့် စိုက်ပျိုးမည့်နည်းစနစ်များကို ရှင်းလင်းဆွေးနွေးဟောပြောပြီးနောက်**(အပေါ်ပုံ)** သစ်ပင်စိုက်ပျိုးခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြေတိုင်းသင်တန်းများ ဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၃၂) နှင့် တန်းမြင့်မြေတိုင်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၁၄ ရက် နံနက်က တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ကိုယ်စား ညွှန်ကြားရေးမှူး ဦးသန်း(သင်တန်းကျောင်းအုပ်ကြီး)က သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုရသင်တန်းသားများအား ဆုများချီးမြှင့်ခြင်းနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြေစာရင်းဦးစီးဌာန)

အိမ်မဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ရုံးခန်းမ၌ ဇွန် ၇ ရက်က ငါးသယံဇာတထိန်းသိမ်းရေး ဟောပြောပွဲကျင်းပရာ ရေလုပ်ငန်းလုပ်ကိုင်သူများအား မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းက ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာများကို ရှင်းလင်းဟောပြောစဉ်။(မြို့နယ် ပြန်/ဆက်)

ကတ္တရာထပ်ပိုးလွှာခင်း

မြောင်းမြမြို့နယ် ဦးဘချိုလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်မန်းဒေက တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

စာအုပ်၊ စာရေးကိရိယာနှင့် ရေစစ်ရေသန့်ဘူးများ မေတ္တာမြို့၌ ပေးအပ်လှူဒါန်း

မေတ္တာ ဇွန် ၁၉

တနင်္သာရီတိုင်းဒေသကြီးထားဝယ်ခရိုင် မေတ္တာမြို့အတွင်းရှိ အခြေခံပညာကျောင်း၂၄ကျောင်းသို့ စာအုပ်၊စာရေးကိရိယာများနှင့် ရေစစ်ရေသန့်ဘူးများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၇ ရက် နံနက် ၉ နာရီက မေတ္တာမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင်နယ်မြေခံ တပ်နယ်မှူးဗိုလ်မှူးကြီးအောင်တင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ဒေသပညာရည် တိုးတက်မြင့်မားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ မေတ္တာမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ ပေးအပ်လှူဒါန်းသော စုစုပေါင်းတန်ဖိုးငွေ ကျပ် ၁၂၄၀၀၀၀ တန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၃၂၀၊ ခဲတံဒါဇင် ၁၂၀၊ ရေစစ် ရေသန့်ဘူး အလုံး၂၀ကို အခြေခံပညာ ကျောင်းများသို့ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အမြို့မြို့ အနယ်နယ်တွင် ဆောင်ရွက်

ဇလွန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးခင်ဇော်ဝင်းနှင့် အဖွဲ့ဝန်ထမ်းများ ဇွန် ၃ ရက်က အခြေခံပညာအထက်တန်းကျောင်း အတွင်းခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဒရယ်မီးရပ်ကွက် အမက မူလွန်ကျောင်းတွင် ဇွန်၇ရက်က ခြင်ဆေးဖျန်းခြင်းဆောင်ရွက်ရာမြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စွာအောင်နှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ခိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့နယ် ရဲတပ်ဖွဲ့စခန်းတွင်သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဆရာဝန်ကြီး တင်ဝင်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ ဇွန် ၇ ရက်က အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းဆောင်ရွက်ကြစဉ်။ (၁၁၂)

ဟိုပင်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးစိုးသန်း၊ အထက ကျောင်းအုပ်ကြီးဦးဝင်းမောင်၊ အရန်မီးသတ်တပ်ဖွဲ့နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဟိုပင်မြို့ အထကကျောင်း၌ ဇွန် ၄ ရက်က ခြင်ဆေးပက်ဖျန်းကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဈေးပိုင်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ဇွန်၁၃ရက်က သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းကြစဉ်။ (မြို့နယ် ပြန်/ဆက်)

၂၀၁၁ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် ပိုစတာပြိုင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၉

၂၀၁၁ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် ပိုစတာပြိုင်ပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ရွာတော်)၌ ကျင်းပသည်။

၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၏ ဆောင်ပုဒ်မှာ "The World at 7 Billion" "လူဦးရေ သန်းခုနစ်ထောင်ရဲ့ တာဝန်၊ ထမ်းဆောင်နေတဲ့ ဒို့ရဲ့ ကမ္ဘာ" ဖြစ်ပြီး ပြိုင်ပွဲကို အသက်ခြောက်နှစ်မှ ရှစ်နှစ်အထိ၊ အသက်ကိုးနှစ်မှ (၁၂)နှစ်အထိ၊ အသက်(၁၃)နှစ်မှ (၁၅)နှစ်အထိ၊ အသက်(၁၆)နှစ်မှ (၁၈)နှစ်အထိ အုပ်စုအဆင့်များ ခွဲ၍ ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ကျောင်းသားကျောင်းသူ ၁၀၁ ဦးပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်ကျော်ဝင်း(ယာပုံ)၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အား ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်ချစ်၊ ကမ္ဘာ့လူဦးရေနေ့ကျင်းပရေး ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

အဆိုပါ ပိုစတာပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သတ်မှတ်နေရာ အသီးသီး၌ တစ်ပြိုင်တည်း ကျင်းပကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြံခင်းမြို့နယ် ရွှေတောင်စုမြို့အဝင် လမ်းဘေးဝဲယာ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် မြက်ရှင်းခြင်း၊ ပန်းအလှပင်များ ပုံသွင်းညှပ်ခြင်းကို ဇွန် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးမင်းဇော်နှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြ

ဟင်္သာတ ဇွန် ၁၉

ဟင်္သာတခရိုင် ဟင်္သာတမြို့ ဧရာဝတီမြစ်ကမ်းနား တာမိုင် (၉/၂)ရှိ ရေကင်းတဲ အမှတ်(၁၀)တွင် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ သရုပ်ပြပွဲတွင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးဝေလွင်က ရေဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် တာပေါ်ရေလျှံခြင်းအတွက် ကန်သင်းဆင့်ခြင်း၊ တာအိတာလျှောခြင်းအတွက် တုတ်တန်းရိုက် မြေအိတ်ချကာကွယ်ခြင်း၊ ရေပေါက် ပေါက်ခြင်းအတွက် ရေခွေ ခွေခြင်း၊ သဲဗွက်ထခြင်းအတွက် ရေခွေဖြင့်ကျောက်စရစ်ချ ကာကွယ်ခြင်းလုပ်ငန်းများ သရုပ်ပြခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

တောရိုင်းတိရစ္ဆာန်ကာကွယ်ရေး ဟောပြော

ဘိုကလေး ဇွန် ၁၉

တောရိုင်းတိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကို မေ ၃၁ ရက် နံနက် ၁၁ နာရီက ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘိုကလေးမြို့နယ် မိန်းမလှကျွန်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးစီးအရာရှိ ဦးစိုးလွင် **(ယာပုံ)**က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေး၊ သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေအရ ထိန်းသိမ်းကာကွယ်ထားသောအပင်များနှင့် တောရိုင်းတိရစ္ဆာန်များကို တရားမဝင် ဖမ်းဆီးခြင်း၊ အမဲလိုက်ခြင်း၊ သတ်ဖြတ်ခြင်း၊ အပင်များကို တရားမဝင်ခုတ်ယူခြင်းမပြုရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောသည်။

ပြန်လည်ဖြေကြား

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ မိန်းမလှကျွန်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူးကပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွင်းဆင်းစစ်ဆေး

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အနေးယာဉ်လိုင်စင် သက်တမ်းတိုးရန်အတွက် အနေးယာဉ်များ ကြံ့ခိုင်မှု ရှိမရှိကို လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်၊ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်စန်းစန်းထူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (၁၀၂)

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ မိုင်းယန်းမြို့နယ်၌ ကျင်းပ

မိုင်းယန်း ဇွန် ၁၉

ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၃ ရက် နံနက် ၉ နာရီက မွန်ကဲရပ်ကွက်ရှေ့ ကွင်းပြင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက ကျွန်းပင်နှင့် အရိပ်ရအပင်ပေါင်း ၅၇၅ ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

တပ်ကုန်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၉

တပ်ကုန်းမြို့နယ် ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ရက် နံနက် ၈ နာရီက တပ်ကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများက သတ်မှတ်နေရာများ၌ သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

စိုက်ပျိုး

ထိုနေ့ကကျင်းပသည့် တပ်ကုန်းမြို့နယ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း၊ မဲဇလီ၊ ပိတောက်၊ တမာ၊ ရင်းမာ၊ ရေတမာ၊ စိန်ပန်း၊ စက္ကူပန်း၊ ခရေနှင့် မဟော်ဂနီ စုစုပေါင်း အပင် ၁၀၀၀ စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်မဲမြို့နယ် သစ်တောဦးစီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၈ ရက်က ကျောက်မဲမြို့ နားအိုက်ခန့်ကျေးရွာစိုက်ခင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်နိုင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းအောင်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ယူကလစ်ပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သရက်ခရိုင် မင်းတုန်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က မြို့အဝင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသာညွန့်က ရတနာတန်းဝင် ကျွန်းပင်ပေါက်များ စိုက်ပျိုးပေးစဉ်။ (ခရိုင် ပြန်/ဆက်)

သစ်ပင်စိုက်ပျိုးပွဲ မောက်မယ်မြို့နယ်၌ကျင်းပ

မောက်မယ် ဇွန် ၁၉

လင်းခေးခရိုင် မောက်မယ်မြို့နယ် အုပ်ချုပ်ရေးမှူးဦးထွန်းဝင်းအောင်နှင့် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်တာဝန်ခံ တောအုပ်ဦးဇော်ညိုတို့ ဦးစီးပြီး အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီက မောက်မယ်မြို့နယ်နှင့် နမ့်လွတ်ကျေးရွာကြား မြေနေရာ၌ကျင်းပရာ ကျွန်းပင်ပေါင်း ၅၀၀ကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇွန် ၁၉

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်းတို့သည် ဇွန် ၁၇ ရက်က ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသသို့သွားရောက်ပြီး မြိုင်ကြီးငူ စာချဆရာတော် အရှင်ဉာဏိကအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ မြိုင်ကြီးငူ အထူးဒေသ ဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလျှောက်ထားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဗိုလ်ချုပ်မောင်မောင်အုန်းတို့သည် ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားပြီး ဒေသခံတိုင်းရင်းသားခေါင်းဆောင်များက မိမိတို့ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဗိုလ်ချုပ်မောင်မောင်အုန်းတို့သည် မြိုင်ကြီးငူ-ကမမောင်း-အုန်းတော-ကတိုင်ထိ-ဖာပွန်သွား စက်လှေဆိပ်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသအတွင်း မော်တော်ယာဉ်များ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် ဇက်ရေယာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြိုင်ကြီးငူ အထူးဒေသ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် တရားသူကြီးချုပ် မူဆယ်ခရိုင်တွင် အတွေ့အကြုံရှင်းလင်း

မူဆယ် ဇွန် ၁၉

နေပြည်တော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၌ ကျင်းပသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တရားရေးဦးစီးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို ဇွန် ၁၄ ရက် နံနက်ပိုင်းက မူဆယ်ခရိုင်တရားရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်သြဝါဒများနှင့် ပြည်ထောင်စု တရားသူကြီးချုပ်၏ မှာကြားချက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော မူဆယ်ခရိုင် တရားသူကြီး ဦးဘိုလေးနှင့် ဒုတိယတရားသူကြီး၊ မြို့နယ်တရားသူကြီးများ၏ မေးမြန်းချက်များကို ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

အခြေခံငါးမွေးမြူရေးနှင့် စာရင်းသွင်းထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းဖွင့်

ရေကြည် ဇွန် ၁၉

ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA တို့ ပူးပေါင်းဆောင်ရွက်သော ကျေးလက်ဒေသ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ ဒေသခံတောင်သူများအား အခြေခံငါးမွေးမြူရေးနှင့်စာရင်းသွင်း ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်း (၁/၂၀၁၁)ကို ဇွန် ၁၅ရက်က ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၌ ဖွင့်လှစ်ခဲ့သည်။ **(ယာပုံ)**

အဆိုပါသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း၊ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)မှ ဦးကျော်စိုး၊ ဦးတင်ထွဋ်၊ ဦးကျော်မိုးအောင်၊ JICA Expert Mr-FURUSAWA၊ရေကြည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစံလှိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးများဖြစ်ကြသော ဦးစိုးသိန်း၊ ဦးသိန်းဦးနှင့်ဝန်ထမ်းများ၊ ရေကြည်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်မှ ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရှိရသည်။

(မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန)

အလိမ္မာ စာမှာရှိ

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် တာမွေကြီး (က-ဂ) ရပ်ကွက်တွင် မေ ၂၇ ရက်က အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက စားသောက်ဆိုင်များ၌ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြစဉ်။

(၀၄၄)

ကွင်းဆင်းစစ်ဆေး

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဆေးရုံပတ်လမ်း လမ်းပေါက်ဖာခြင်း လုပ်ငန်းကို မေ ၄ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်ဦးတို့ ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း

တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၁၉

၂၀၁၁ခုနှစ် (၁၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

အစီအစဉ်အရပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းနေရာယူပြီး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးမြင့်ကြူထံသို့ ယမန်နှစ်ချန်ပီယံအမျိုးသား၊ အမျိုးသမီး(ရန်ကုန်တိုင်းဒေသကြီးအသင်း)တို့က ဒိုင်းဆုကြီးများ ပြန်လည်အပ်နှံကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားကာ**(အပေါ်ပုံ)** ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီးနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲဝင်အားကစားအသင်းများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြကာ ပထမနေ့ပြိုင်ပွဲများ ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှ ပြိုင်ပွဲဝင်ရန် ဝူရှူးအားကစားသမားများ စခန်းဝင်လေ့ကျင့်

ရန်ကုန် ဇွန် ၁၉

(၂၆)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံ ဝူရှူးအားကစားသမားများ စခန်းဝင် လေ့ကျင့်လျက်ရှိရာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်သို့ စာရေးသူ ရောက်ရှိခဲ့သည်။

စခန်းသွင်းလေ့ကျင့်

ရှေးဦးစွာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ ဦးထွန်းထွန်းဦး (အတွင်းရေးမှူး)အား စခန်းသွင်းလေ့ကျင့်မှုနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းရာ "၂၀၁၀ ဇွန်လမှစပြီး အားကစားသမား အမျိုးသား၊ အမျိုးသမီး ၂၈ ဦးနဲ့ စခန်းသွင်း လေ့ကျင့်နေတာဖြစ်ပါတယ်။ ၂၀၁၁ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲအတွက် ယခင်နှစ်များနဲ့မတူဘဲ စခန်းသွင်း အားကစားသမားတွေကို လက်ရည်စစ်ပွဲ တစ်ပါတည်းကျင်းပပြီး ရွေးချယ်ပါတယ်။ ဒီအထိမ်းအမှတ်ပြိုင်ပွဲမှာ နေပြည်တော်နဲ့ မန္တလေးကပါ အားကစားသမားတွေကို ဖိတ်ခေါ်ကျင်းပတာ ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ဝင်ရောက်ယှဉ်ပြိုင်

"စခန်းသွင်းအားကစားသမားတွေ ပြည်ပ နိုင်ငံတကာ အတွေ့အကြုံရရှိရန်အတွက်လည်း သြဂုတ်လမှာ ကျင်းပမယ့် အာရှလူငယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်စေပြီး တရုတ်နိုင်ငံ ရှန်ဟိုင်းမှာလည်း

သတင်းမှတ်စုနှင့်ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

"ယခင်နှစ်များနဲ့ မတူဘဲ စခန်းသွင်းလေ့ကျင့်နေပါတယ်"
ဦးထွန်းထွန်းဦး (အတွင်းရေးမှူး)။

နှစ်လကြာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မှာဖြစ်ပါတယ်"ဟု အတွင်းရေးမှူးက ရှင်းပြသည်။

ဆက်လက်ပြီး လေ့ကျင့်ချိန်နှင့်ပတ်သက်၍မေးမြန်းရာ "ကျွန်တော်တို့ လေ့ကျင့်ချိန်နှစ်ချိန်ရှိပါတယ်။ နံနက် ၉ နာရီမှ ၁၁ နာရီအထိ၊ ညနေ ၄ နာရီမှ ၆ နာရီအထိဖြစ်ပြီး တရုတ်နည်းပြနဲ့ နေ့စဉ် လေ့ကျင့်ပါတယ်"ဟု ရှင်းပြသည်။

ယခုအခါ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ မျိုးဆက်သစ်အားကစားသမားများ လေ့ကျင့်မှုများပြုလုပ်လျက်ရှိရာ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ရွှေတံဆိပ်များ ရယူပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။ **(မြန်မာ့အလင်း)**

အိုလံပစ်နေ့အထိမ်းအမှတ်ပြိုင်ပွဲ၌ ဝူရှူးအားကစားသမား လက်ရည်စစ်ပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။

မြောက်ဥက္ကလာပ အထက(၁) စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ (၁၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီတွင် (ဈ) ရပ်ကွက် မြတ်မင်္ဂလာကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသော အလှူရှင် ကျောင်းသားဟောင်းများသည် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့် ဖုန်း-၂၅၂၇၇၇၊ ၀၉-၅၁၉၇၇၇၇၊ ဦးချို့အေး (ACA) ဖုန်း-၆၉၁၁၂၃၊ ၀၉-၈၀၂၀၄၀၀၊ ဦးစိုးသန်း ဖုန်း-၅၅၉၀၇၄၊ ဦးချစ်အောင် ဖုန်း-၀၉-၇၃၀၂၂၀၆၂၊ ဦးအောင်မြင့်ကြည် ဖုန်း-၀၉-၅၁၅၇၈၆၁၊ ဒေါ်လှသိန်း ဖုန်း-၆၉၁၁၈၂၊ ဦးဌေးဦး ဖုန်း-၆၉၁၆၇၈ နှင့် ဒေါ်ဆောင်းသီတာ ဖုန်း- ၀၉-၅၀၀၄၃၁၉ တို့ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဘိုကလေးမြစ်ကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

လူထုကျန်းမာရေး လုပ်သားသင်တန်းကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ လူထုကျန်းမာရေး လုပ်သားသင်တန်းသို့ ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျန်းမာရေးလုပ်ငန်းကို စိတ်ပါဝင်စားသည့် သင်တန်းသား သင်တန်းသူ ၃၉ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကို ဇွန် ၁၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကာ သင်တန်းကာလ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ညှိနှိုင်းဆောင်ရွက်

ဒုတိယသမ္မတသည် လူထုကျန်းမာရေးလုပ်သားသင်တန်းမှ သင်တန်းသား သင်တန်းသူများအား နှုတ်ဆက်ပြီး သင်တန်းသားများထဲမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ သူနာပြုသင်တန်းသို့ တက်ရောက်လိုပါက ညှိနှိုင်းဆောင်ရွက်ပေးသွားရန် မှာကြားသည်။

တိုးချဲ့တည်ဆောက်

ထိုမှတစ်ဆင့် ဘိုကလေးမြို့နယ် မြို့မ (၄)ရပ်ကွက်ရှိ စံကျောင်းပိုင်း အခြေခံပညာမူလတန်းကျောင်း အဆောက်အအုံများနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယသမ္မတက လူဦးရေတိုးတက်မှု အနေအထားအရ ကျောင်းသားကျောင်းသူဦးရေလည်း တိုးတက်လာဦးမည် ဖြစ်သည့်အတွက် စာသင်ဆောင်များကို တိုးချဲ့တည်ဆောက်ပေးနေရဦးမည် ဖြစ်ကြောင်း။

ထည့်သွင်းတည်ဆောက်

ယခုလက်ရှိကျောင်းများ၏ မြေနေရာအကျယ်အဝန်းမှာ များသောအားဖြင့် စာသင်ခန်းများထပ်မံတိုးချဲ့ရန် ကန့်သတ်ချက်များရှိကြောင်း၊ ထို့ကြောင့် နောင်တွင်လိုအပ်ပါက စာသင်ခန်းများ ထပ်မံတိုးချဲ့နိုင်ရန်နှင့် ကျောင်းအားကစားကွင်းများကိုပါ ထည့်သွင်းတည်ဆောက်နိုင်မည့် မြေနေရာအကျယ်အဝန်းရရှိရေးအတွက် မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ ညှိနှိုင်းရှာဖွေထားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဘိုကလေးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က ဘိုကလေးမြို့နယ်ဖွဲ့စည်းမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း (၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ မြေအသုံးချနိုင်မှု၊ သီးနှံစိုက်ပျိုးမှုနှင့် ဆန်၊ ဆီ ဖူလုံမှု၊ ရေထွက်ပစ္စည်း တင်ပို့နိုင်မှု၊ သစ်ပင်စိုက်ပျိုးနိုင်မှု၊ အခြေခံပညာကျောင်းများ အခြေအနေ၊ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့မိမြို့ဖများဖြစ်ကြသည့် ဦးငွေမောင်၊ ဦးတင်ထွန်း နှင့် ဦးသိန်းအောင်တို့က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးတို့နှင့်ဆက်စပ်၍ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က နိုင်ငံတော်၏ အားပေးမှုများနှင့်အညီ ဘိုကလေးမြို့နယ်၏ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

လက်တစ်ကမ်းအလို

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်၏ အားပေးမှု၊ ဒေသခံများ၏ အားထုတ်မှုများကြောင့် ဘိုကလေးမြို့နယ်အပါအဝင် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံး ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာနေမှု၊ နိုင်ငံတော်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအပါအဝင် ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ရရှိထားပြီးဖြစ်ရာ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် အမြဲမပြတ် ကြိုးပမ်းအားထုတ်ရန် လိုအပ်နေမှုများနှင့် ပြည်သူများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး လက်တစ်ကမ်းအလိုတွင်ရှိနေသည့် နိုင်ငံတော်၏ အလားအလာကောင်းများကို ရရှိပိုင်ဆိုင်အောင် ဆောင်ရွက်ရေး၊ ရိုးသားကြိုးစားသည့် ဧရာဝတီသားများအနေဖြင့် နိုးကြားမှုကိုပါ ထပ်ဆင့်၍ မိမိအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုး သယ်ပိုးဆောင်ရွက်ရေးကိစ္စများကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက မြို့နယ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ လိုက်ပါလျက် ဘိုကလေးမြို့နယ်၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

အဓိကလုပ်ငန်း

မြို့နယ်မှ တာဝန်ရှိသူများ၏ တင်ပြချက်များအရ ဘိုကလေးမြို့နယ်၏ လူဦးရေ ၇၅ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိကြပြီး ယင်းတို့၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဖြစ်ကြောင်း၊ အလားတူ မြန်မာနိုင်ငံ၏ လူဦးရေအများစုမှာလည်း ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြပြီး စိုက်ပျိုးရေးလုပ်ငန်းသည် အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းပင် ဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှသာလျှင် ပြည်သူအများစု၏ စီးပွားရေးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးအခြေခံလိုအပ်ချက်များ ပြည့်စုံအောင် အလေးထားပြီး ထူထောင်ပေးနေခြင်းဖြစ်ကြောင်း။

ပန်းတိုင်အထွက်နှုန်း

စိုက်ပျိုးရေး ထုတ်ကုန်လုပ်ငန်းများ တိုးတက်ရေးအတွက် စိုက်ဧက တိုးချဲ့ရုံသာမက စပါးတစ်ဧက တင်း ၁၀၀ ပန်းတိုင်အထွက်နှုန်းရရှိရေးကို ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

ဤနေရာတွင် သီးနှံအလိုက် ပန်းတိုင်အထွက်တိုးရေးအတွက် လိုအပ်သည့် သွင်းအားစုများ ထည့်သွင်းရေး၊ နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့် သုံးစွဲရေးတို့ကို မဖြစ်မနေ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့်အရင်းအနှီးများကို လိုအပ်သည့်အချိန်တွင် လုံလောက်မျှတစွာရရှိရေးအတွက် လွန်ခဲ့သည့် သုံးနှစ်ခန့်က တောင်သူများနှင့် သီးနှံအထူးပြုကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်များကို စတင်ဆောင်ရွက်ခဲ့ကြကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်

အဆိုပါ ရှေ့ပြေးဆောင်ရွက်မှု အတွေ့အကြုံများကို အခြေခံ၍ ယခုအခါ တောင်သူများနှင့် လုပ်ငန်းရှင်များအကြား နှစ်ဦးနှစ်ဖက်မျှတသည့် အကျိုးရရှိစေပြီး စီးပွားဖက်များအဖြစ် အပြန်အလှန် အကျိုးဖြစ်ထွန်းစေရန်နှင့် ကတိကဝတ်များကို လိုက်နာစောင့်ထိန်းနိုင်ကြစေရန်အတွက် လိုအပ်သည့်ဥပဒေများကိုရေးဆွဲပြီး အောက်ခြေအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း။

အဆိုပါ အစီအစဉ်တွင် တောင်သူလယ်သမားများသာမက အခြားသော အသေးစားလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေကြရသည့် အခြေခံပြည်သူများအတွက်လည်း ပါရှိလာမည်ဖြစ်ကြောင်း။

လက်တွေ့ကျကျ

ထို့အပြင် မကြာသေးမီက နေပြည်တော်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးအတွက် လုပ်ငန်းစဉ်များ

ဘိုကလေးမြစ်ကူးတံတား

- ❒ ဘိုကလေးမြို့နှင့် ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာကို ဆက်သွယ်တည်ဆောက်လျက်ရှိသည့် ဘိုကလေးမြစ်ကူးတံတားသည် စုစုပေါင်းအရှည် ၃၅၅၃ ပေ ရှိ။
- ❒ တံတားအကျယ် ၂၈ ပေ၊ ရေလမ်းကင်းလွတ် အမြင့် ၃၆ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၃၀၀ ရှိမည်ဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်။
- ❒ ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများ ယခုအခါ ၃၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်။

ဧရာဝတီတံတား(ညောင်တုန်း)

- ❒ ဧရာဝတီတံတား(ညောင်တုန်း)၏ ပင်မတံတား အရှည်မှာ ၇၄၀၂ ပေ၊ ပင်မတံတားနှင့် ကားလမ်းတံတား စုစုပေါင်း အရှည်မှာ ၁၀၈၁၄ ပေ၊ ပင်မတံတားနှင့် ရထားလမ်းတံတား စုစုပေါင်း အရှည်မှာ ၂၀၅၄၅ ပေ ရှိမည်ဖြစ်ပြီး နှစ်လမ်းသွား ကားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်း အကျယ် တစ်ဖက်လျှင် သုံးပေ သုံးလက်မစီရှိ။
- ❒ ပင်မတံတားတည်ဆောက်ခြင်းလုပ်ငန်းများ ၈၃ ရာခိုင်နှုန်း ပြီးစီးနေပြီး ချဉ်းကပ်တံတားများ အပါအဝင် တံတားတစ်စင်းလုံး၏လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်။

ချမှတ်နိုင်ရန် နိုင်ငံတကာအတွေ့အကြုံ၊ ပြည်
ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာမျ
ကြသူများ စုပေါင်း၍ စာတမ်းများပြုစုဆွေးနွေ
ကျကျ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအ
ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယသမ္မတများ
လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်
အဖြစ်လည်းကောင်း ပါဝင်သည့် ကျေးလက်
ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဗ
ကော်မတီများကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း
အဆိုပါ ကော်မတီများ၏ ရည်မှန်းချက်
နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံ့ဝန်ထမ်းများနှ
များကပါ ပူးပေါင်းဆောင်ရွက်သွားကြရန် တို

ပညာပေးစည်းရုံး

နိုင်ငံ့ဝန်ထမ်းများကလည်း ပြည်သူများ
ရှိရှိဖြင့် အတူတကွ လက်တွဲပါဝင်လာအောင်
ဆောင်ရွက်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ရန်
ဝန်ထမ်းများအနေဖြင့် လုပ်ငန်းရပ်တစ်ခုခုတွင်
လိုက်ပါနိုင်ခြင်း ရှိ မရှိ၊ ဖြစ်နိုင်ခြေ ရှိ မရှိ
ဖြည့်ဆည်းမှုမရှိဘဲ မိမိတာဝန်ကျေပွန်လိုသည
ကြည့်ပြီး မဖြစ်မနေ လိုက်ပါဆောင်ရွက်စေခြ
အလားတူ ကောင်းစေချင်၊ ဖြစ်စေချင်သ
ဆောင်ရွက်ခြင်းကြောင့် အကျိုးထက်အပြစ်ဖြစ
လည်း လိုကြောင်း၊ လုပ်ငန်းတိုင်းကို တွေး
လေးစားအားကိုးသော ဝန်ထမ်းကောင်းများဖြစ
လိုကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက

ပြည်သူများအပိုင်းကလည်း ယနေ့ မိမိ
တည်ငြိမ်အေးချမ်းမှုကို ဆက်လက်တည်မြဲနေစေ

ပြန်ကြားရေးဝန်ကြီးဌာနနှင့်
ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဘိုက
တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊
အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်
စဉ်။

နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲထိန်းသိမ်းဆေ
စီးပွားဘဝ တိုးတက်သည်ထက်တိုးတက်အေ
ဆောင်ရွက်သွားကြရန်မှာကြားပြီး အခမ်းအနား
များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည်
စီမံကိန်းအရ တည်ဆောက်ခဲ့သည့် တန် ၅၀
Shelter ၌ ဆန်သိုလှောင်ထားမှုများကို ကြ
သည်များကို မှာကြားသည်။

ဘိုကလေးမြစ်ကူးတံတ

ထိုမှတစ်ဆင့် ပြည်သူ့ဆောက်လုပ်ရေးလု
ရေးစီမံကိန်း အထူးအဖွဲ့ (၅)က တာဝန်ယူ
ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးစီ
ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန
ဦးခင်မောင်မြင့်က ဘိုကလေးမြစ်ကူးတံတား
လုပ်ငန်းများ၊ လုပ်ငန်းအကောင်အထည်ဖော် ဆေ
အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍
လိုအပ်ချက်များနှင့် ခိုင်ခံ့သေသပ်သည့် တံတား
မှာကြားပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ
လိုအပ်မည့် လမ်းခင်းကျောက်ရရှိရေးအတွက် ေ
စုဆောင်းရန်လည်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်မျ
တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းမျ
သည်။

ချမှတ်နိုင်ရန် နိုင်ငံတကာအတွေ့အကြုံ၊ ပြည်တွင်းအတွေ့အကြုံရှိသည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ လက်တွေ့ဆောင်ရွက်နေကြသူများ စုပေါင်း၍ စာတမ်းများပြုစုဆွေးနွေးညှိနှိုင်းခဲ့ကြပြီး လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယသမ္မတများက ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည့် ကျေးလက်ဒေသ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊၊

အဆိုပါ ကော်မတီများ၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ၊ လုပ်ငန်းရှင်များကပါ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပညာပေးစည်းရုံး

နိုင်ငံ့ဝန်ထမ်းများကလည်း ပြည်သူများ သဘောပေါက်နားလည်မှု ရှိရှိဖြင့် အတူတကွ လက်တွဲပါဝင်လာအောင် အသိပညာပေး စည်းရုံးဆောင်ရွက်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ဤနေရာတွင် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းရပ်တစ်ခုခုတွင် ပြည်သူများ အမှန်တကယ် လိုက်ပါနိုင်ခြင်း ရှိ မရှိ၊ ဖြစ်နိုင်ခြေ ရှိ မရှိ လေ့လာသုံးသပ်မှု၊ ပံ့ပိုးဖြည့်ဆည်းမှုမရှိဘဲ မိမိတာဝန်ကျေပွန်လိုသည့် ဆန္ဒတစ်ခုတည်းကိုသာ ကြည့်ပြီး မဖြစ်မနေ လိုက်ပါဆောင်ရွက်စေခြင်းမျိုးမဖြစ်ရန် လိုကြောင်း။

အလားတူ ကောင်းစေချင်၊ ဖြစ်စေချင်သည့် စေတနာလွန်ကဲမှုဖြင့် ဆောင်ရွက်ခြင်းကြောင့် အကျိုးထက်အပြစ်ဖြစ်ရသည့် လုပ်ရပ်မျိုးမဖြစ်ရန်လည်း လိုကြောင်း၊ လုပ်ငန်းတိုင်းကို တွေးတောချင့်ချိန်ပြီး ပြည်သူက လေးစားအားကိုးသော ဝန်ထမ်းကောင်းများဖြစ်အောင် ဆောင်ရွက်ကြရန် လိုကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်သူများအပိုင်းကလည်း ယနေ့ မိမိတို့ရရှိထားသည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်တည်မြဲနေစေရအောင် လုံခြုံရေးသတိဖြင့်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဘိုကလေးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲထိန်းသိမ်းဆောင်ရွက်ရင်း မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်သည်ထက်တိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် အိန္ဒိယ-မြန်မာချစ်ကြည်ရေး စီမံကိန်းအရ တည်ဆောက်ခဲ့သည့် တန် ၅၀၀ ဆံ့ Food Security Shelter ၌ ဆန်သိုလှောင်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဘိုကလေးမြစ်ကူးတံတား

ထိုမှတစ်ဆင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၅)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများ၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များနှင့် ခိုင်ခံ့သေသပ်သည့် တံတားကြီးအဖြစ် တည်ဆောက်ရန်မှာကြားပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်းတွင် လိုအပ်မည့် လမ်းခင်းကျောက်ရရှိရေးအတွက် ကျောက်လုပ်ကွက်များ ရှာဖွေစုဆောင်းရန်လည်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဘိုကလေးမြို့နှင့် ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာကို ဆက်သွယ်တည်ဆောက်လျက်ရှိသည့် ဘိုကလေးမြစ်ကူးတံတားသည် စုစုပေါင်း အရှည် ၃၅၃ ပေ ရှိမည့် တံတားဖြစ်သည်။

တံတားအကျယ် ၂၈ ပေ၊ ရေလမ်းကင်းလွတ် အမြင့် ၃၆ ပေ၊ ရေလမ်းကင်းလွတ် အကျယ် ပေ ၃၀၀ ရှိမည်ဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။

၃၇ ရာခိုင်နှုန်းပြီးစီး

ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း၊ ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြလမ်းနှင့် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း စုစုပေါင်း လမ်း သုံးလမ်းသည် ဘိုကလေးမြစ်ကူးတံတားနှင့် ဆက်သွယ်မည့် လမ်းများဖြစ်သည်။ ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများ ယခုအခါ ၃၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မော်တော်ယာဉ်များဖြင့် ဘိုကလေးမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဖျာပုံ-ကျိုက်လတ်-မအူပင်-ညောင်တုန်းကားလမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဧရာဝတီတံတား(ညောင်တုန်း)

ထို့နောက် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၅)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဧရာဝတီတံတား(ညောင်တုန်း)နှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ပင်မတံတားအမျိုးအစား၊ ချဉ်းကပ်တံတား အမျိုးအစားများနှင့် တည်ဆောက်ခြင်းလုပ်ငန်းများ၊ တံတားသံပေါင်ရောက်ရှိမှုများ၊ ပင်မတံတားလုပ်ငန်းပြီးစီးမှုများ၊ စက်ယန္တရားသုံးစွဲမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့မီးရထား ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ) ဦးတင်စိုးက ချဉ်းကပ်ရထားလမ်းဆိုင်ရာ ကိစ္စများကို ရှင်းလင်းတင်ပြသည်။

စစ်ဆေးသုံးသပ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက တံတားကြီး အမြဲမပြတ် ကောင်းမွန်ခိုင်ခံ့ရေးအတွက် တည်ဆောက်ရေးနည်းပညာအပိုင်းရော၊ သုံးစွဲသည့် ပစ္စည်းများအပိုင်းပါ စံချိန်စံညွှန်းမီရေး၊ ချဉ်းကပ်လမ်း၊ တံတားများ၏ မြေသားအမာခံကောင်းမွန်ရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အင်ဂျင်နီယာကျောင်းသားများအား ဖိတ်ကြားပြီး တံတားတည်ဆောက်မှု လက်တွေ့အနေအထားများသိရှိစေရန် ရှင်းလင်းပြသရေး၊ တံတားရေလမ်းကြောင်း ပြောင်းလဲမှုအခြေအနေကို အမြဲစစ်ဆေးသုံးသပ်ပြီး မှတ်တမ်းထားရှိရေး၊ နောင် ရေရှည်ကာလတွင် မှီငြမ်းနိုင်ရေးအတွက် တံတားတည်ဆောက်မှုအတွေ့အကြုံများကို စနစ်တကျ မှတ်တမ်းထားရှိရေး၊ တံတားတည်ဆောက်ရေးတွင် ပါဝင်ကြသည့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ ဆောင်ရွက်သည့် လုပ်ငန်းအပေါ် အမြဲမပြတ် ဂုဏ်ယူစိတ်ထားရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက တံတားတည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ပြည်ပပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ပေးအပ်ပြီး ပင်မတံတားတည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကားလမ်းနှင့်ရထားလမ်း

ဧရာဝတီတံတား(ညောင်တုန်း)ကို တည်ဆောက်ပြီးဖြစ်သည့် ဧရာဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတားအထက် ပေ ၈၀၀၀ အကွာတွင် တည်ဆောက်နေခြင်းဖြစ်ပြီး ကားလမ်းနှင့်ရထားလမ်းပါဝင်သည့် တံတားကြီးဖြစ်သည်။ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ပန္နက်တင်မင်္ဂလာ အခမ်းအနားပြုလုပ်၍ စီမံကိန်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

ဧရာဝတီတံတား(ညောင်တုန်း)၏ ပင်မတံတား အရှည်မှာ ၇၄၀၂ ပေ၊ ပင်မတံတားနှင့် ကားလမ်းတံတား စုစုပေါင်း အရှည်မှာ ၁၀၈၁၄ ပေ၊ ပင်မတံတားနှင့်ရထားလမ်းတံတား စုစုပေါင်း အရှည်မှာ ၂၀၅၄၅ ပေ ရှိမည်ဖြစ်သည်။

နှစ်လမ်းသွားကားလမ်း အကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ သုံးလက်မစီ ရှိမည်ဖြစ်သည်။

၇၅ ရာခိုင်နှုန်း

ယခုအခါ ပင်မတံတားတည်ဆောက်ခြင်းလုပ်ငန်းများ ၈၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ချဉ်းကပ်တံတားများအပါအဝင် တံတားတစ်စင်းလုံး၏လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့သို့ထွက်ခွာကြရာ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပညာရေးဝန်ထမ်းများအား တွေ့ဆုံ

ကျောင်းသားများ ပညာသင်ကြားနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၉

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် ပြည်နယ်ပညာရေးမှူးရုံးသို့ ရောက်ရှိပြီး ပညာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား၍ ပညာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ စစ်တွေမြို့ရှိ ရွာကြီးမြောက်၊ ရွာကြီးတောင်နှင့် မီဇ အခြေခံပညာမူလတန်းကျောင်းများနှင့် မင်းဂံ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့သို့ ရောက်ရှိပြီး နိုင်ငံတော်က ကျောင်းသားကျောင်းသူများအတွက် အခမဲ့ ထောက်ပံ့ပေးသည့် မူလတန်းအဆင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များဖြင့် ပညာသင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရသေ့တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး**(အောက်ပုံ)** ရသေ့တောင်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေး စကားပြောကြား၍ ဆေးဝါး ထောက်ပံ့စရိတ်များ ပေးအပ်သည်။

တွေ့ဆုံ

ဆက်လက်၍ ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း အုပ်ကြီးရုံးခန်း၌ ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံပြီး ကျောင်းသားကျောင်းသူများအား ပညာသင်ကြားပေးနေမှုကို ကြည့်ရှုအားပေးကာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် အာဆီယံသွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးက ၂၀၁၁ ခုနှစ် အာဆီယံသွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက အခမ်းအနား၌ ခင်းကျင်းပြသထားသည့် ငှက်ဖျားရောဂါဆိုင်ရာ ကျန်းမာရေး ပညာပေးပြခန်းကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + ရတနသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**နှစ်ဖက်မြင်ဖြစ်စေချင်** တရားတော် ဆရာတော် ဘဒ္ဒန္တကုဒ္ဒိကာဘိဝံသ
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄၀)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၈)
၈:၅၀	ဖွံ့ဖြိုးသာယာမင်္ဂလွန်းစံပြကျေးရွာ စုပေါင်းဆင်နွှဲ ဗုဒ္ဓရာပြည့်ပွဲ
၉:၀၅	Activities in the City (ကုမာရ ရာမစာသင်တိုက်အခြေခံ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲ)
၉:၂၀	ကူညီဒါနကုသိုလ်မျှ… ပုညသဟာယ
၉:၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (မိုးရာသီတွင် ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါများအကြောင်း)
၁၀:၀၅	ဒွါဒသမတိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ မွေးဖွားတော်မူရာ (ဝက်လက်မြို့နယ်၊ ဆင်နင်းကျေးရွာ)
၁၀:၂၀	ရန်ကုန်မြင်ကွင်းကျယ် (LOREAL & MAYBELLING RELAUNCH)
၁၀:၃၅	The Champion of Dance
၁၁:၁၀	Celebrity Choice (အိန်းအိန်း)
၁၁:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ကြက်သွန်ဖြူရနံ့သင်းပုစွန်ပေါင်းနှင့် ကန်စွန်းဝက်သားစည်းကောချက်)
၁၂:၃၅	**ဂီတနက်သန်ကိုစောညိန်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ** (အပိုင်း-၅)
၁:၀၀	**နှစ်ဖက်မြင်ဖြစ်စေချင်** တရားတော် ဆရာတော် ဘဒ္ဒန္တကုဒ္ဒိကာဘိဝံသ
၂:၀၀	MRTV-4 သတင်း
၂:၂၀	FMF Selection
၂:၅၅	ဆေးလိပ်ဖြတ်ပွဲနှင့် အသည်းခြောက်ရောဂါအကြောင်း ဟောပြောပွဲ
၃:၁၅	မိုးအလှပန်းချီတေးကိုသီ
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄၀)
၄:၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၉၈)
၅:၀၀	သဘာဝ Scarlar စွမ်းအင်ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ
၅:၂၅	အသည်းကင်ဆာ ကုထုံးသစ်အကြောင်းဆွေးနွေးခြင်း (အပိုင်း-၁)
၅:၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV -4 သတင်း
၆:၂၀	Sunday Talk (အတ္တကျော်၊ မျိုးမြတ်သူ)
၆:၅၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄၁)
၇:၃၅	ဗီဒီယိုပြခန်း
၈:၀၀	MRTV -4 သတင်း
၈:၃၀	စကားနပန်း **တစ်ယောက်တည်းနေတာကောင်းတယ်၊ တစ်ယောက်တည်းမနေတာ ကောင်းတယ်**
၉:၃၀	MRTV -4ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၉)
၁၀:၂၀	အနုပညာမိုးကောင်းကင်
၁၀:၄၀	**တစ်ပြည်ဝင်အိုး** ဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော် [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၁၁:၀၅	**International Show Biz**
၁၁:၂၀	ကလေးတေးသရုပ်ဖော်အစီအစဉ် (မေမေ၊ ဖေဖေ)
၁၁:၃၅	ဈေးဝယ်လမ်းညွှန် (ရွှေဝတ်လှ)
၁၂:၀၀	**အရက်နှင့်ကျန်းမာရေး** ပါမောက္ခ ဒေါက်တာခင်မောင်ကြီး၊ ပါမောက္ခ ဒေါက်တာဦးညွှန့်သိန်း
၁၂:၃၅	မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ
၁:၁၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် ဒီဇိုင်နာယွန်းလတ်ဖြူ
၁:၄၀	Box Office Movies (Avator)
၂:၀၀	ဘဝများ ရန်ရန်ချမ်းရဲ့ တစ်နေ့တာဘဝ
၂:၂၅	Shooting Location (ဆရာမအိမ်)
၂:၄၀	ဗဟုသုတများစုဆောင်းရာ Knowledge Bank
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	ယုံကြည်ခိုင်မာသော… အောင်မြင်မှုပန်းတိုင်ဆီသို့
၄:၂၀	စိုက်ပျိုးအောင်မြင်… စပ်ခရမ်းချဉ်
၄:၃၀	အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၄:၄၀	မေတ္တာသည်သာတတ်စွမ်းနိုင်တာ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ညောင်တုန်းမြို့ ရေဘေးအန္တရာယ်ကင်းဝေးရေး အဆင့်မြင့်တင် ဆောင်ရွက် ကျောက်စီနံရံကြီးများ၊ ကွန်ကရစ်ဘိုးပိုင်များ တည်ဆောက်ကာကွယ်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ -မောင်နေလင်း(ညောင်တုန်း)

“စည်ပင်သာယာရေးအဖွဲ့အနေနဲ့ မြစ်ကမ်းပါးပြို ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။”

ဦးညွန့်ဝင်း
အမှုဆောင်အရာရှိ
မြို့နယ်စည်ပင်သာယာယာရေးအဖွဲ့

“ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ထိန်းသိမ်းနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရက ငွေလုံးငွေရင်းများစွာ အကုန်အကျခံပြီး ဆောင်ရွက်နေပါတယ်။”

ဦးခင်မင်း
(ညောင်တုန်းမြို့နယ်အုပ်ချုပ်ရေးမှူး)

နေပြည်တော် ဇွန် ၁၉

ညောင်တုန်းမြို့နယ်…။

ဧရာဝတီတိုင်း ဒေသကြီး၏ တံခါးဝမြို့နယ်အဖြစ် လူသိများသော မြို့နယ်တစ်ခု ဖြစ်သည်။

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာတွင် တည်ရှိသည်။ ရပ်ကွက် ၁၀ ခု၊ လူနေအိမ်ခြေ လေးထောင်ကျော်တွင် လူဦးရေ ၄၇၅၂၂ ဦးခန့် နေထိုင်သောမြို့တစ်မြို့ဖြစ်သည်။

ဝန်းရံထား

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံ ပန်းလှိုင်မြစ်ကမ်းဘေးတွင် တည်ရှိသောမြို့ဖြစ်သဖြင့် မြို့အား ရေဘေးအန္တရာယ်မှကင်းဝေးပြီး လုံခြုံစိတ်ချရရေးအတွက် ရေကာတာဖြင့် ဝန်းရံထားရသော မြို့တစ်မြို့ဖြစ်သည်။

ဆိုးဆိုးရွားရွားဖြစ်ပွား

ညောင်တုန်းမြို့သည် ယခင်က ရေလမ်း တစ်မျိုးတည်းဖြင့်သာ သွားလာဆက်သွယ်မှုပြုလုပ်နိုင်သော မြို့တစ်မြို့ဖြစ်ခဲ့သည်။ ထိုစဉ်က ပန်းလှိုင်မြစ်အတွင်း သောင်ထွန်း၍ ရေကြောင်း ပိတ်ဆို့မှုများကြောင့် ခရီးသွားလာမှု၊ ကုန်စည်စီးဆင်းမှုများ နှေးကွေးကြန့်ကြာလာသဖြင့် ၁၉၈၆-၁၉၈၇ ခုနှစ်က ရေခေါ်တူးမြောင်း ဖောက်လုပ်ခဲ့ရသည်။ သို့သော်လည်း တူးမြောင်း၏ ထိပ်နှစ်ဖက်ရှိ ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ် အနိမ့်အမြင့် ကွာခြားချက်များကြောင့် ဧရာဝတီမြစ်ရေများ ပန်းလှိုင်မြစ်အတွင်းသို့ အရှိန်အဟုန်ဖြင့်စီးဝင်ကာ ၁၉၈၈ ခုနှစ်မှစတင်ပြီး ညောင်တုန်းမြို့ မြစ်ကမ်းပါးပြိုမှုများ ဆိုးဆိုးရွားရွား ဖြစ်ပွားခဲ့ရသည်။

၁၉၈၈ ခုနှစ်မှ စတင်၍ ညောင်တုန်းမြို့တွင် မြစ်ကမ်းပါးပြိုကျမှု ဆိုးဆိုးရွားရွားဖြစ်ခဲ့စဉ်က ရေကာတာပြင်ပ ကျယ်ဝန်းသော သောင်ခုံကြီးပေါ်၌ အခိုင်အမာတည်ဆောက်ထားသော လွတ်လပ်ရေးကျောက်တိုင်ကြီး၊ ပြည်သူ့သစ်ဆိုင်၊ မြို့နယ်သမဝါယမအသင်းပိုင် ဂိုဒေါင်ကြီးများအပါအဝင် အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ လူနေအိမ်ခြေ ၁၀၀၀ ကျော်ကို အမှတ် (၉)၊ အမှတ် (၁၀)တိုးချဲ့ရပ်ကွက်များသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ကြိုးပမ်းကာကွယ်

ထိုစဉ်က မြစ်ကမ်းပါးပြိုမှု အန္တရာယ်ကို ဆိုးဆိုးရွားရွားခံခဲ့ရသော်လည်း တစ်မြို့လုံးကို အကာအကွယ်ပေးထားသော ရေကာတာကျိုးပေါက်ခြင်းမရှိစေရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူတို့က စုပေါင်းထိန်းသိမ်း ကာကွယ်ခဲ့ကြသည်။ မြစ်ကမ်းပါးပြိုကျမှုကို နောက်ဆုတ်ကာကွယ်ခြင်း မပြုတော့ဘဲ လှိုင်းကာများ၊ ရေတောင်ဝှေးများ၊ ရေလွှဲတန်းများနှင့် ထန်းတုံးပိုင်းတိုင်များဖြင့် ကြိုးပမ်းကာကွယ်ခဲ့ကြသည်။

တာဝန်ရှိသူများ၏ စစ်ဆေးချက်အရ ညောင်တုန်းမြို့ အမှတ် (၆) ရပ်ကွက် ဆည်မြောင်းတာဆုံမှ အမှတ် (၄) ရပ်ကွက် ၉ လမ်းထိပ် မြစ်ကမ်းပတ် ရေကာတာရှေ့တွင် မြေသားအောက်ခြေ ကျယ်ဝန်းစွာကျန်ရှိပြီး ရေကာတာမှာ ကြံ့ခိုင်မှုရှိကြောင်း သိရသည်။ ရေကာတာထိပ်အမြင့်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှ ၂၇ ဒသမ ၅ ပေခန့်ရှိသည်။

ညောင်တုန်းမြို့ ၉ လမ်းထိပ်မှ ၁၁ လမ်းထိပ်အတွင်းရှိ ရေကာတာမှာ မြစ်ရေကြီးချိန်တွင် ရေဦးတိုက်နေသော နေရာဖြစ်ပြီး အဓိကစိုးရိမ်နေရသောနေရာဖြစ်သဖြင့် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ၈ လမ်းထိပ်မှ ၁၁ လမ်းထိပ်အကြားတွင် အုန်းတုံး အခြေပြု ကျောက်စီနံရံ အရှည်ပေ ၃၀၀ တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးနေပြီဖြစ်ကြောင်း တွေ့ရှိရသည်။

ရေတိုက်စားခြင်းနှင့် ရေနက်အိုးဖြစ်ပေါ်မှုကို ကာကွယ်နိုင်ရန်အတွက် ၈ လမ်းနှင့် ၁၁ လမ်းထိပ်အကြားတွင် အရှည်ပေ ၁၅၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၁၂ ပေ ရေကာရေလွှဲတန်း (Deflection Spur) သုံးခု တည်ဆောက်သွားရန် စီစဉ်လျာထားကြောင်းလည်း သိရှိရသည်။

အထူးစိုးရိမ်ခဲ့ရသော ၁၁ လမ်းနှင့် ၁၂ လမ်းကြားတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွန်ကရစ်ဘိုးပိုင် အခြေပြု ကျောက်ရိုးစီနံရံ အရှည်ပေ ၂၇၀ တည်ဆောက်ပြီး ရေဘေးအန္တရာယ်ကို ကာကွယ်ပေးခဲ့သည်။ ကျောက်ရိုးစီနံရံ၏အမြင့်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၆ ပေ ရှိကြောင်း သိရှိရသည်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်တုန်းမြို့ မြစ်ကမ်းပါးပြို ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းကို နှစ်စဉ် ငွေကြေးမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ကာကွယ်ပေးခဲ့သည့်အပြင် ယခုနှစ်တွင်လည်း ငွေကျပ်သိန်းပေါင်း ၁၅၉၀ အကုန်အကျခံ ဆောင်ရွက်လျက်ရှိသည်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၁၉၉၇-၁၉၉၈ ခုနှစ်မှ စတင်၍ ကျောက်ရိုးစီနံရံများ အခြေပြု အုတ်သဲဖြည့်တမံများ စုစုပေါင်း အရှည်ပေ ၃၈၀၀ တည်ဆောက်ကာကွယ်ပေးခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ ညောင်တုန်းမြို့ ရေဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ကိုကာကွယ်နိုင်ရေးအတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့နှင့်အတူ ဒေသခံပြည်သူများကလည်း တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိသည်ကို အားရဖွယ်တွေ့ရှိရပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်အတွင်းဘက်မှ ကွန်ကရစ်ဘိုးပိုင် အခြေပြုထောက်များဖြင့် အဆင့်မြှင့် တည်ဆောက်ကာကွယ်နေစဉ်။

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ညောင်တုန်းမြို့ မြစ်ကမ်းပါးပြိုကာကွယ်ထိန်းသိမ်းရေးအတွက် ကျောက်စီနံရံတည်ဆောက်ထားသည်ကို ဤသို့ တွေ့မြင်ရသည်။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မြောင်းမြမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ရေငုတ်များ တပ်ဆင်ဆောင်ရွက်ထားရှိမှုကို ဇွန် ၅ ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ် မြို့မဈေးကြီးအတွင်းအပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ဈေးအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ ဇွန် ၁၁ ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် မေ ၂၃ ရက်က မတ္တရာမြို့နယ် မြို့မဈေးအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)



ဖယ်ခုံမြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ဈေးအတွင်း လျှပ်စစ်မီးသွယ်တန်းထားရှိမှုကို မေ ၂၄ ရက်က အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်၊ မြို့နယ်လျှပ်စစ်မှူး ဦးအောင်ဆန်းဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြနိုင်နှင့် ဈေးကော်မတီဝင်များ စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အတ္ထရံ(၂) ရေပေးရေးရှိ မြေသားကန် နုန်းဆယ်ယူခြင်းလုပ်ငန်းကို မေ ၂၀ ရက်က စက်ယန္တရားအကူအညီဖြင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်ဝင်းအောင်နှင့်အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုအား အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

20-6 (10).pmd 1 6/20/2011, 1:49 AM

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

ဇီဝလောင်စာဆီ ရာနှုန်းပြည့်သုံးလေယာဉ် ပထမဆုံးအကြိမ် ခရီးဝေး အောင်မြင်စွာပျံသန်း

မိုးမြင့်လင်းလက် စုစည်းသည်

မောရစ်တောင်း ဇွန် ၁၉

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် မောရစ်တောင်းမြို့လေဆိပ်မှ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ လီဘောဂတ်လေဆိပ်သို့ ဇီဝလောင်စာဆီသုံး လေယာဉ်တစ်စင်း ဇွန် ၁၈ ရက်က ပထမဆုံးအကြိမ်အဖြစ် ခရီးဝေးပျံသန်းမှုကို အောင်မြင်စွာ ပျံသန်းမောင်းနှင်နိုင်ခဲ့ကြောင်း အမေရိကန်အရာရှိများက ဇွန် ၁၉ ရက်၌ ပြောကြားသည်။ **(အပေါ်ပုံ)**

ဆင်းသက်နိုင်

၎င်းဇီဝလောင်စာဆီသုံးလေယာဉ်ကို လေယာဉ်မှူး ရှန်ဝိတ်က မောရစ်တောင်းလေဆိပ်မှ ဇွန် ၁၇ ရက် ည ၉ နာရီမှ စတင်ပျံသန်းမောင်းနှင်ခဲ့ရာ ပါရီမြို့ လီဘောဂတ်လေဆိပ်သို့ ဇွန် ၁၈ ရက် နံနက်၌ ချောမွေ့စွာ ဆင်းသက်နိုင်ခဲ့သည်။

စီစဉ်ထား

ဇီဝလောင်စာဆီသုံးလေယာဉ်များကို ခရီးသည်တင်လေကြောင်းလိုင်းများတွင် အသုံးပြုရန်စရိတ် ကြီးမားနေသော်လည်း ၂၀၁၃ ခုနှစ်၌ စတင်အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။ ယခုအသုံးပြုသည့် လောင်စာဆီကို ဇီဝလောင်စာဆီ တစ်မျိုးတည်းသာ ရာနှုန်းပြည့် အသုံးပြုထားခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

နယူးဇီလန်မြောက်ပိုင်း၌ လေဆင်နှာမောင်းတိုက်ခတ် အိမ်အများအပြား ပျက်စီး

ဝယ်လ်လင်တန် ဇွန် ၁၉

နယူးဇီလန်နိုင်ငံမြောက်ပိုင်း ပလိုင်းမောက်မြို့တွင် ဇွန် ၁၉ ရက် နံနက်က အင်အားပြင်း လေဆင်နှာမောင်း တိုက်ခတ်ခံရသဖြင့် နေအိမ်အများအပြား ပျက်စီးပြီး ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ရကြောင်း နယူးဇီလန်အရာရှိများက ပြောကြားသည်။

၎င်းလေဆင်နှာမောင်းသည် ပလိုင်းမောက်မြို့တွင် ဇွန် ၁၉ ရက် နံနက် ၄ နာရီ ၁၅ မိနစ်ခန့်က တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး နေအိမ်အမိုးများပွင့်ကာ သစ်ပင်များပြိုလဲခဲ့သည့်အပြင် မော်တော်ယာဉ်များလည်း ပျက်စီးခဲ့ရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အပေါ်ပုံ)**

လေဆင်နှာမောင်းဒဏ် ကြုံတွေ့ရသည့်နေရာမှာ ပလိုင်းမောက်မြို့ အမှတ် (၃) အဝေးပြေးလမ်း ဝဲယာတစ်လျှောက် အပါအဝင် ကာရင်းတန်အရပ်နှင့် ကမ်းခြေဒေသများဖြစ်ကြောင်း၊ ဆိုးဆိုးရွားရွား ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ပလိုင်းမောက်မြို့ စီးပွားရေးအဆောက်အအုံများလည်း ပျက်စီးခဲ့ရကြောင်း နယူးဇီလန်အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်တောင်ပိုင်း၌ အဆောက်အအုံပြိုကျမှုဖြစ်ပွား ခြောက်ဦးသေဆုံး၊ အချို့ပျောက်ဆုံးနေ

နန်နင်း ဇွန် ၁၉

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျွမ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟီရှန်မြို့တွင် ဇွန် ၁၈ ရက်က အဆောက်အအုံတစ်ခုပြိုကျခဲ့ရာ အလုပ်သမားခြောက်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကာ အချို့ပျောက်ဆုံးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

၎င်းအဆောက်အအုံတွင် အလုပ်သမား ၁၁ ဦး အလုပ်လုပ်ကိုင်နေစဉ် ရုတ်တရက်ပြိုကျမှုဖြစ်ပွားခဲ့ရာ အလုပ်သမားလေးဦးမှာ နေရာ၌ ပွဲချင်းပြီး သေဆုံးခဲ့သည်။ ဒဏ်ရာရရှိသူနှစ်ဦးမှာ ဆေးရုံ၌ သေဆုံးခဲ့ကြောင်း၊ ကျန်ရှိသည့် ဒဏ်ရာရရှိသူနှစ်ဦး၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ကြောင်း သိရသည်။

စုံစမ်းစစ်ဆေး

ပြိုကျနေသော အပျက်အစီးများအကြား ပိတ်မိနေသူများအား ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေလျက်ရှိကြောင်း၊ အဆောက်အအုံပြိုကျမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

မောင်ချစ်ကြည် - စုစည်းသည်

အုပ်စု(က)မှ အိုင်ယာလန်နှင့် ဒိန်းမတ်အသင်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (အင်တာနက် ဓာတ်ပုံ)

ကိုပင်ဟေဂင် ဇွန် ၁၉

အသက် ၂၁ နှစ်အောက် ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲများအဖြစ် ဇွန် ၁၉ ရက် နံနက်က အုပ်စု(က)မှ အိုင်ယာလန်နှင့် ဒိန်းမတ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ အိုင်ယာလန်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အိုင်ယာလန်အတွက် ဂိုးများကို ပွဲချိန် ၅၈ မိနစ်၌ ဆက်သွန်ဆင်က တစ်ဂိုး၊ မိနစ် ၆၀၌ ဘီဂျာနာဆင်က တစ်ဂိုး၊ မိနစ် ၉၀၌ ဗာဂတ်ဆင်က တစ်ဂိုး သွင်းယူခဲ့သဖြင့် သုံးဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ဒိန်းမတ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၁ မိနစ်၌ ကာဒရီက သွင်းယူပေးနိုင်ခဲ့သဖြင့် ဒိန်းမတ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ (အင်တာနက်)

ဒရော့ဘာ လက်ထပ်ပွဲကျင်းပ

လန်ဒန် ဇွန် ၁၉

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာသည် ၁၂ နှစ်ကြာ အတူပေါင်းသင်းနေထိုင်ခဲ့သည့် အိုင်ဗရီကို့စ်အမျိုးသမီး လာလာဒီရာကီတီနှင့် တရားဝင်လက်ထပ်ပွဲ အခမ်းအနားကို မိုနာကိုမြို့၌ ဇွန် ၁၈ ရက်က ကျင်းပခဲ့သည်။ အသက် ၃၃ နှစ်အရွယ်ရှိ ဒရော့ဘာသည် လာလာဒီရာကီတီ (အပေါ်ပုံ)*နှင့် သားသမီးသုံးဦးရရှိခဲ့ပြီးမှ အာဖရိကရိုးရာဝလေ့ထုံးတမ်းအစဉ်အလာအတိုင်း ဝတ်ရုံများဝတ်ဆင်ကာ လက်ထပ်ပွဲဆင်နွှဲခဲ့ခြင်းဖြစ်သည်။* (အင်တာနက်)

အဆိုတော်မိုင်လီဆိုင်းရပ်(စ်) ဖိလစ်ပိုင်ပရိသတ်နှင့် ဆုံစည်းခွင့်ရ

မြင့်မောင်စိုး - စုစည်းသည်

မနီလာ ဇွန် ၁၉

ကမ္ဘာကျော် ပေါ့ပ်အဆိုတော်မိုင်လီဆိုင်းရပ်(စ်) (Miley Cyus) သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ၎င်း၏ပရိသတ်များအား လှည့်လည်ဖျော်ဖြေရန် ဇွန် ၁၆ ရက်က ရောက်ရှိခဲ့သည်။

ဖျော်ဖြေ

အမေရိကန် ရုပ်ရှင်သရုပ်ဆောင်လည်းဖြစ်ပြီး အဆိုတော်လည်း ဖြစ်သည့် မိုင်လီဆိုင်းရပ်(စ်)သည် မနီလာမြို့တွင် ပြီးခဲ့သည့် ဇွန် ၁၇ ရက် ညပိုင်းက ၎င်း၏ပရိသတ်အား ဖျော်ဖြေပေးခဲ့သည်။

ချီးမြှင့်ပေးအပ်

အဆိုတော်မိုင်လီဆိုင်းရပ်(စ်)သည် GYPSY Heart World Tour အစီအစဉ်အစိတ်အပိုင်းအဖြစ် မနီလာမြို့၌ ၎င်း၏ပရိသတ်အား ဖျော်ဖြေပေးခဲ့ခြင်းဖြစ်သည်။ မိုင်လီဆိုင်းရပ်(စ်)(ယာပုံ)*သည် ကမ္ဘာ့ပေါ့ပ်ဂီတလောကတွင် အလွန် ရေပန်းစားနေသူဖြစ်သည်။ ၎င်းအား ဖိလစ်ပိုင်ဒေသဆိုင်ရာ ဂီတကုမ္ပဏီ တစ်ခုကလည်း အကောင်းဆုံးတေးဂီတဆု ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။* (အင်တာနက်)

အဆိုတော် ဂျော့စ်စတုန်းအား သတ်ရန်ကြံစည်သူများ ရဲတပ်ဖွဲ့မှ ဖမ်းဆီးနိုင်ခဲ့

လန်ဒန် ဇွန် ၁၉

ကမ္ဘာကျော် ဗြိတိသျှအဆိုတော် ဂျော့စ်စတုန်း (Joss Stone)၏ နေအိမ်အနီးတွင် ၎င်းအားသတ်ရန် ကြံစည်သည့် အမျိုးသားနှစ်ဦးအား ကားတစ်စီးအတွင်း ဓားရှည်များ၊ ကြိုးနှင့် လူသေထည့်သည့် အိတ်တစ်လုံးနှင့်အတူ တွေ့ရှိခဲ့ပြီးနောက် ဓားပြတိုက်၊ လူသတ်ရန် ပူးပေါင်းကြံစည်မှုဖြင့် ဖမ်းဆီးလိုက်သည်။

အဆိုပါ တရားခံအမျိုးသားနှစ်ဦးသည် အသက် ၃၀အရွယ်ရှိ ဂျူနီယာဘရက်ရှောနှင့် အသက် ၃၃နှစ်အရွယ်ရှိ ကီဗင်လီဗာပူးတို့ ဖြစ်ကြသည်။ ယင်းတို့သည် အင်္ဂလန် အနောက်မြောက်ပိုင်း မန်ချက်စတာမြို့မှ ဖြစ်ကြသည်။

ဆွတ်ခူး

၎င်းတို့နှစ်ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်စဉ် အဆိုတော် ဂျော့စ်စတုန်းမှာလည်း ယင်း၏ အိမ်ထဲ၌ ရှိနေသည်။ အဆိုတော် ဂျော့စ်စတုန်းသည် The Solu Sessions တေးအယ်လ်ဘမ်ဖြင့် လူသိများကျော်ကြားခဲ့ပြီး ၂၀၀၇ ခုနှစ်က R & B သီချင်း အမျိုးအစားဖြင့် ဂရမ်မီဆု ဆွတ်ခူးနိုင်ခဲ့သည်။ ***(အင်တာနက်)***

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ မကွေးမြို့၌ ကျင်းပ

မကွေး ဇွန် ၁၉

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၏ ၂၀၁၁ခုနှစ်မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန်၁၁ရက် နံနက်ရှနာရီက ဆေးတက္ကသိုလ်(မကွေး) သင်ကြားရေးဆေးရုံကြီး ပရဝဏ်အတွင်းကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများထံ ပျိုးပင်များကို ပေးအပ်သည်။

စုပေါင်းစိုက်ပျိုး

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အရိပ်ရပင်ကို စတင်စိုက်ပျိုးပေးခဲ့ပြီး(**ယာပုံ**) တက်ရောက်လာကြသူများကလည်း ကျွန်း၊ ပျဉ်းကတိုး၊ မယ်ဇယ်၊ မာတာကွတ်၊ ယင်းမာ၊ ယူကလစ်၊ စိန်ပန်း၊ တမာ၊ ဆီသပြေ စသည့် အရိပ်ရပင် ၂၀၀၀ အားစုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဘားအံ၌ ပညာပေးဟောပြော

ဘားအံ ဇွန် ၁၉

ကရင်ပြည်နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇွန် ၁၀ရက် နံနက်က ဘားအံမြို့အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအေးသက် (**ဝဲပုံ**)နှင့် ကရင်ပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့တာဝန်ခံ ဒုတိယရဲမှူး စိန်ဝင်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသ ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားများ ပြန်လည်ပြုပြင်ရန် နှိုးဆော်ချက်

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားများအနက် ပြန်လည်ပြုပြင်ရန် ကျန်ရှိနေသေးသော အောက်ဖော်ပြပါ ဂူဘုရား၊ နှစ်ထပ်ဂူဘုရားတစ်ဆူချင်း ခန့်မှန်းကုန်ကျငွေများအတွက် နဝကမ္မအလှူငွေများ လာရောက်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်-

စဉ်	ဘုရားအမှတ်	အမျိုးအစား	ပြုပြင်ရန်ခန့်မှန်းတန်ဖိုး (ကျပ်သိန်း)
၁	၁၃၈	ဂူဘုရား	၉၅ သိန်း
၂	၁၄၀	။	၁၁၂ သိန်း
၃	၂၂၈	။	၈၀ သိန်း
၄	၆၆၉	။	၁၁၀ သိန်း
၅	၈၅၃	။	၁၃၅ သိန်း
၆	၂၀၈၂	။	၁၀၀ သိန်း
၇	၂၁၄၂	နှစ်ထပ်ဂူဘုရား	၄၂၀ သိန်း
၈	၂၀၈၃	ဂူဘုရား	၈၅ သိန်း

ဆက်သွယ်လှူဒါန်းနိုင်သော ဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၈၂၁၄၊
၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇၊
၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၃၇၊
၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း-၀၆၁-၆၀၂၆၉၊
၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ ဖုန်း-၀၂-၇၆၁၅၂။

ကျွန်းနှင့်သစ်မာပျိုးပင်များ ပြည်မြို့၌ပေးအပ်

ပြည် ဇွန် ၁၉

ပြည်ခရိုင် ပြည်မြို့နယ်တွင် သစ်တောဦးစီးဌာန ၂၀၁၁ ခုနှစ် ကျေးလက်အိမ်ရာထူထောင်ရေးအတွက် ကျွန်းနှင့်သစ်မာပျိုးပင်များ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၉ နာရီက ပြည်မြို့ သစ်တောဦးစီးဌာန ဒါးကူးပျိုးဥယျာဉ်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ကျွန်းနှင့်သစ်မာပျိုးပင်များကို ဖြန့်ဝေပေးအပ်ခဲ့သည်။ **(အောက်ပုံ)** ပြည်မြို့နယ်သစ်တောဦးစီးဌာနမှ ကျွန်းပင် ၂၁၀၀၀၊ သစ်မာပင် ၇၉၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အထက(၅) မင်္ဂလာတောင်ညွန့် ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၅)၌ ၁၉၇၆-၂၀၀၀ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၀ရက်(တနင်္ဂနွေနေ့) အမျိုးသားနေ့ နံနက်ရှနာရီခွဲတွင် ကန်တော်ကြီးပန်းခြံအတွင်းရှိ ကရဝိက်နန်းတော် (ဥတ္တရ ဆောင်)၌ ကျင်းပမည်ဖြစ်ရာ ၁၉၇၆-၂၀၀၀ခုနှစ် ပညာသင်နှစ်အတွင်းပညာသင်ပေးခဲ့ကြသောဆရာဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူဟောင်းအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဆရာမ ဒေါ်ရီရီဝင်း ဖုန်း-၂၄၆၃၁၉၊ ဦးမြတ်ထွဋ် ဖုန်း-၀၉-၅၁၂၉၁၂၁၊ ဦးခင်မောင်ထွန်း ဖုန်း-၀၉-၅၁၉၅၉၇၅၊ ဦးဗိုဂျေး ဖုန်း-၀၉-၇၃၁-၇၀၁၇၀နှင့် ဦးသက်ထွန်း ဖုန်း-၀၉-၇၃၀-၃၃၉၁၇ တို့ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း **စာအုပ်စင်**

၂၀၀၇ ခုနှစ် အမျိုးသားစာပေဆုရ နံရံပန်းချီကပြောသော ပုဂံခေတ်ပုံရိပ်များစာအုပ် ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိ



နေပြည်တော် ဇွန် ၁၉

နံရံပန်းချီကပြောသော ပုဂံခေတ် ပုံရိပ်များစာအုပ်ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဒုတိယအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။ (အပေါ်ပုံ) အဆိုပါစာအုပ်တွင် ပုဂံခေတ် နံရံရေဆေးပန်းချီများကို အခြေခံ၍ ပုဂံခေတ် လူနေမှုဘဝ၊ ကိုးကွယ်ယုံကြည်မှုနှင့် အနုသုခုမများကို အပိုင်းသုံးပိုင်းခွဲ၍ သရုပ်ပြဓာတ်ပုံပေါင်း၇၀ဖြင့် ရှင်းလင်း သုံးသပ်တင်ပြထားသည်။

အဆိုပါစာအုပ်ကိုယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနရုံးချုပ် ရုံးအမှတ်(၃၅) နေပြည်တော် ဖုန်း-၀၆၇-၄၀၈၀၄၀၊ ရန်ကုန်ရုံး၃၂-ဒီ (၆) မိုင်ခွဲ ပြည်လမ်း ဖုန်း-၀၁-၅၁၅၀၅၄ ရန်ကုန်မြို့ရှိ စာပေဗိမာန်နှင့် စာအုပ်တိုက်များသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပခုက္ကူဦးအုံးဖေစာပေဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် ဇွန် ၁၉

*ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၉ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ သွဲ့ထားညို (သက္ကလ) ရေးသားသည့် **သောင်ယံကမ်းမှ အလွမ်းလက်ကျန်နှင့် အခြားဝတ္ထုတိုများ** စာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။*

အဆိုပါစာအုပ်တွင် ရှုံးကျဲ၊ အလှည့်ကျမန္တဲ့စတမ်း၊ မမှန်သော သစ္စာ၊ ကမ်းနားသစ်ပင်အစရှိသည့် ဝတ္ထုတိုပေါင်း ၁၀ပုဒ်ဖြင့် ရေးဖွဲ့ထားသည်။

အဆိုပါစာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကန့်ဘလူမြို့၌ ပျိုးပင်များပျိုးထောင်

ကန့်ဘလူ ဇွန် ၁၉

ကန့်ဘလူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ဆောင်ရွက်ထားရှိမှုကို မေ၃၀ရက်က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း **စာတည်းထံပေးစာများ**

မော်တော်ကားဘော်ဒီရုံ ပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် အုတ်ပုံဆိပ်လမ်းရှိ ကားဘော်ဒီရုံလုပ်ငန်းသည် နေ့စဉ်လုပ်ကိုင်လျက်ရှိရာ ဆေးမှုတ်အနံ့များ၊ ဝရိန်ဆော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရသည့်အပြင် လျှပ်စစ်မီးဖြင့် ကျောက်စက်တိုက်ခြင်း၊ ဝရိန်ဆော်ခြင်းကြောင့် မီးဘေးအန္တရာယ်စိုးရိမ်နေရပါသဖြင့် အဆိုပါ ကားဘော်ဒီရုံအားရပ်ကွက်အတွင်းမှ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

အုတ်ပုံဆိပ်လမ်းသား

သစ်စက်မှ ဆူညံသံ နားမခံနိုင်

စာတည်းခင်ဗျား-

ကျုံဒိုးမြို့နယ် ကမ်းနီစံပြကျေးရွာ ရပ်ကွက်(၉)ရှိ နေအိမ်နှစ်အိမ်၌ ပရိဘောဂလုပ်ငန်းကို မီးစက်ဖြင့် လုပ်ကိုင်လျက်ရှိရာ သစ်ခွဲစက်သံ၊ မီးစက်သံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ နားမခံနိုင်သည့်အပြင် စိတ်အနှောင့်အယှက် ဖြစ်ရပါသောကြောင့် အဆိုပါလုပ်ငန်းကို သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

လမ်းမြေကျူးကျော်ဝင်းခတ်ထားမှု အရေးယူပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် ကုက္ကိုင်းရိပ်သာလမ်းမှ ရွှေတောင်ကြားလမ်းသို့အဆင်း လမ်းကွေ့နေရာ (ခြံအမှတ် 44 B) အနီး လမ်းမြေကို ကျူးကျော်ဝင်းခတ်ထားရာ လမ်းမှာ ကျဉ်းမြောင်းပြီး ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပေါ်နေပါသောကြောင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသားများ**

ဆန်စက်မှထွက်ရှိသော ရေဆိုးများ ဆောင်ရွက်ပြီးဖြစ်

၂၆-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ကျိုက်လတ်မြို့ အမှတ်(၆)ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ ပုဂ္ဂလိကဆန်စက်မှထွက်ရှိသော ညှော်နံ့နှင့် စည်းကမ်းမဲ့စွန့်ပစ်သော ရေဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ဇွန် ၁၉ ရက် နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၉)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်း အနောက်ဘက်ယာဉ်ကြောပလက်ဖောင်းပေါ်မှ လုံးပတ် ၁၅ ပေခန့်ရှိ ညောင်ပင်တစ်ပင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက်ပိုင်း လမ်းပေါ်သို့ လဲကျကာ မထသ (၂၁၄) အထူးယာဉ်နှင့် အခြားမော်တော်ယာဉ်တစ်စီး၏ ကားအမိုးပေါ်သို့ ကျရောက်ပိမိနေသည်ကို တွေ့ရစဉ်။ (၁၂၂)

သစ်ပင်စိုက်ပျိုးပွဲနှင့် စာကြည့်တိုက်ဖွင့်ပွဲ ဒီပဲယင်းမြို့နယ်၌ ကျင်းပ

နေပြည်တော် ဇွန် ၁၉

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် စိုင်ပြင်စံပြကျေးရွာ၌ ကျင်းပသည့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးပေးကာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဖွင့်လှစ်ပေး

ထို့နောက် ရေဦး-မူးဘောင်မြောင်းတစ်လျှောက် ရေပေးဝေနေမှုနှင့် နွေစပါးခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဒီပဲယင်းမြို့နယ် ပေါင်းတောင်ကူကျေးရွာ မေတ္တာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းဒေသကြီးပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်း၊ တာဝန်ရှိသူများနှင့် စာကြည့်တိုက်အလှူရှင် ဦးမြသိန်းတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မေတ္တာစာကြည့်တိုက်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ အားကစားပစ္စည်းများနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အိုးထိန်းတွင်းကျေးရွာ စပါးခွံဓာတ်ငွေ့ ရေတင်စက်ဖြင့် ရေတင်နေမှု၊ ဘုတ္တန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု၊ လက်ယာမြောင်းမကြီး ဘုတလင်တိုးချဲ့ တူးမြောင်းနှင့် အရာတော်တိုးချဲ့တူးမြောင်းတို့မှ ရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများ ရေရှည်အသုံးပြုနိုင်ရန် ရေဆေးဆီထိုးလုပ်ဆောင်မှုကို ဇွန် ၇ရက်က အမှုဆောင်အရာရှိ ဦးမျိုးသိန်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်မင်းထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ခရီးသည်တင်ယာဉ်များလိုက်နာရန်

(၁) လုပ်ငန်းလိုင်စင်မရှိဘဲ ခရီးသည်များတင်ဆောင် မောင်းနှင်ခြင်း မပြုရ။
(၂) ခရီးသည်များ အတက်အဆင်းပြုလုပ်ပြီးမှသာလျှင် ယာဉ်ကို မောင်းနှင်ရမည်။
(၃) ခရီးသည်တင်ယာဉ်များသွားလာရန် ၄င်းယာဉ်ကြောအတွင်း၌သာ သွားလာရမည်။
(၄) ခရီးသည်တင်ယာဉ်များသည် သတ်မှတ်ထားသည့် အရှိန်နှုန်း အတွင်းသာ မောင်းနှင်ရမည်။
(၅) ယာဉ်၏ အမိုး၊ ရှေ့အဖုံး၊ ရွံ့ကာ၊ နောက်ပိတ်၊ ခြေနင်းတို့ပေါ်၊ ယာဉ်ဘေးနှင့်နောက်တို့တွင် ခရီးသည်မတင်ရ။
(၆) သတ်မှတ်ထားသည့် ခရီးသည်အရေအတွက်ထက် ပိုမတင်ရ။
(၇) အန္တရာယ်မဖြစ်စေရန် ယာဉ်ကို အစဉ်ပြုပြင်ထားရမည်။
(၈) အသင့်အသုံးပြုနိုင်သည့် အရန်ဘီးတစ်ဘီးပါရှိရမည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ကွင်းဆင်းစစ်ဆေး

တောင်သာမြို့နယ်(မာလာကျေးရွာ)နှင့် ပခုက္ကူမြို့နယ်(ရွှေတန့်တစ်ကျေးရွာ) ဇက်ကူးတို့ရေယာဉ်ပြေးဆွဲနေမှုနှင့် မာလာကျေးရွာ ကူးတို့ဆိပ်အတက်အဆင်းလမ်း ပြုပြင်ပြီးစီးမှုကို ဇွန် ၁၂ရက်က တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဝင်း ကွင်းဆင်းစစ်ဆေးစဉ်။ (သတင်းစဉ်)



ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

DAVINCI GROUP CO.,Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသဖြင့် လျှောက်ထားနိုင်သည်။

(၁) Sales Engineer ကျား (၂)ဦး
B.E(Mechanical) အသက်(၃၀နှစ်မှ ၃၅နှစ်အတွင်း)
လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိပြီး၊ ယာဉ်မောင်းလိုင်စင်ရှိရမည်။
ကွန်ပျူတာကျွမ်းကျင်ရမည်။ (Excel. Word,Power Point)

(၂) Sales Manager ကျား/မ (၂)ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး အရောင်းနှင့်ပတ်သက်သော ဒီပလိုမာလက်မှတ်ရရှိသူ၊ အသက်(၃၀နှစ်မှ၃၅နှစ်အတွင်း)
လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။ ယာဉ်မောင်းလိုင်စင်ရှိရမည်။
ကွန်ပျူတာကျွမ်းကျင်ရမည်။(Excel. Word,Power Point)

(၃) Sales Supervisor ကျား/မ (၄)ဦး
B.E (Chemical) B.Sc (IC)ရရှိပြီး အသက်(၂၅နှစ်မှ၃၅နှစ်အတွင်း)
လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိရမည်။
ကွန်ပျူတာကျွမ်းကျင်ရမည်။(Excel. Word,Power Point)

(၄) Sales Executive ကျား/မ (၂)ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရှိပြီး အသက်(၂၅နှစ်မှ၃၅နှစ်အတွင်း)
လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။
ကွန်ပျူတာကျွမ်းကျင်ရမည်။(Excel.Word)

(၅) Sales ကျား/မ (၁၀)ဦး
အခြေခံပညာအထက်တန်းအောင် အသက်(၂၀နှစ်မှ ၃၀နှစ်အတွင်း)
ရုပ်ရည်သန့်ပြန့်ရမည်။

(၆) Sales Driver ကျား (၄)ဦး
(၁၀)တန်း၊ အသက်(၂၀နှစ်မှ၃၅နှစ်အတွင်း)
ယာဉ်မောင်းသက် (၂)နှစ်ရှိရမည်။

လျှောက်ထားသူများသည် ပညာအရည်အချင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ ကြော်ငြာပြီး (၁၀)ရက်အတွင်း CV Form နှင့်အတူ အမှတ်(၈၂)၊ မြမာလာလမ်း၊ သာကေတစက်မှု ဇုန်၊ ရန်ကုန်မြို့တွင် လျှောက်ထားနိုင်သည်။

(မှတ်ချက်-လိုအပ်ပါက နယ်ခရီးသွားလာနိုင်ရမည်။)
ဆက်သွယ်ရန်ဖုန်း-၅၄၇၁၉၃၊ ၅၄၇၁၆၈

မီးဖို မီးကြွင်း မီးကျန် သတိပြုရန်

(က) သင့်ရဲ့ အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည် ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကို ပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။

(ဂ) မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့ သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့ကို ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ငွေစာရင်းဌာနနှင့် မော်တော်ယာဉ်မှတ်ပုံတင်ဌာနအတွက် အောက်ပါရုံးသုံးစက်ပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	Hp Laserjet Printer 1102 or Cannon LPB 6000	၂၉ လုံး
(ခ)	Hp Colour Laserjet Printer 2600n/2515/2525/2xxx Serise	၁၀၀ လုံး
(ဂ)	Hp Colour Laserjet Printer Toner	၁၀၀ စုံ

တင်ဒါပိတ်ရက်နှင့်အချိန် - ၂၃-၆-၂၀၁၁ ရက် နံနက် ၁၀:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူး(စီမံ)
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
ရုံးအမှတ်(၂၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၀၉၈
သံသုမာလမ်း၊ မြင်သာ၊ သဃၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇။





ဝဒသမ၅ကေ + ဂိုဒေါင် အမြန်ရောင်းရန်ရှိသည်

သင်္ဃန်းကျွန်းမြို့နယ် အစ၊ လေးထောင့်ကန်လမ်းမနှင့် အလွန်နီး၊ အသေးစားစက်ရုံ၊ လုပ်ငန်းလုပ်၊ ပစ္စည်းသိုလှောင်ရန် သင့်တော်၊ ၁ စတပ/ကျပ်၄၈၀၀၀။ ဈေးအလွန်တော်သည်။

ဆက်သွယ်ရန်ဖုန်း-
၂၁၈၄၃၇၊ ၂၁၄၃၈၊ ၀၉-၇၃၁၇၆၂၄၈၊
၀၉-၇၃၁၁၂၆၇၂(ရုံးချိန်အတွင်း)

ရောင်းမည်

နောက်ဆွဲဗင် (၈၇) ၁/က-၅ထောင်ကျော်နှင့် တိုက်သစ်၊ လမ်း ၄၀အပေါ် ၁၂½ပေ x ၅၅ပေ လေးလွှာ ရောင်းရန်ရှိသည်။
ဖုန်း-၀၉-၅၁၄၇၆၇၉၊ ၀၁-၅၄၉၂၅၀

လေအေးပေးစက်

အဟောင်းအပျက်များ
ဈေးကောင်းပေးဝယ်မည်
ဖုန်း-၀၉-၅၄၀၂၄၈၅
၀၉-၅၀၃၄၆၈၂

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ ၄လမ်း၊ လမ်းသွယ် ၁နေ ဦးလှိုင်မျိုး-ဒေါ်နုနုကြည် တို့၏သား မောင်ဝေဖြိုးလှိုင် ၁၄/ဟသတ(နိုင်)၂၇၆၉၇၁သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် ၅-၆-၂၀၁၁ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ ကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ဦးလှိုင်မျိုး
၁၄/ဟသတ(နိုင်)၀၅၃၀၀၀
ဒေါ်နုနုကြည် ၁၄/ဟသတ(နိုင်)၀၅၃၀၀၁

ဥတုရာသီ တောကိုမှီ၏

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံ၌ ကျင်းပသည့် အကြိမ် (၁၀၀)မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

လူမှုကာကွယ်ပေးမှုသည် ပြည်သူလူထုအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်
အလုပ်အကိုင်များပိုမိုရရှိစေမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၉

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဇွန် ၁ ရက်မှ ၁၇ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံ၌ ကျင်းပသည့် အကြိမ် (၁၀၀)မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ တက်ရောက်ရန် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ဂျီနီဗာမြို့သို့ ရောက်ရှိခဲ့သည်။

အလုပ်အကိုင်အခွင့်အလမ်း

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ၏ မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ပြီး ညီလာခံသို့ တက်ရောက်လာသော ကာတာနိုင်ငံ အလုပ်သမားဝန်ကြီး မစ္စတာနာဆာအာလ်ဟူမိုင်ဒီနှင့်အဖွဲ့အား တွေ့ဆုံ၍ မြန်မာနိုင်ငံမှ ကျွမ်းကျင်လုပ်သားများ၊ တစ်စိတ်တစ်ပိုင်း ကျွမ်းကျင်လုပ်သားနှင့် အထွေထွေလုပ်သားများကို ကာတာနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❖

ဘင်္ဂလားပင်လယ်အော်ရှိ ကုန်းတွင်းမုန်တိုင်းငယ် အားပျော့ပျက်ပြယ်

နေပြည်တော် ဇွန် ၁၉

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် ယမန်နေ့က အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် တည်ရှိနေခဲ့ကာ ယနေ့ နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယင်းကုန်းတွင်းမုန်တိုင်းငယ်သည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မိုးရွာသွန်းမှုများ

၁၉-၆-၂၀၁၁

ဝမြို့	၆ ဒသမ ၇၃ လက်မ
မအူပင်မြို့	၆ ဒသမ ၀၆ လက်မ
ပေါင်မြို့	၅ ဒသမ ၃၅ လက်မ
မောင်တောမြို့	၅ ဒသမ ၂၇ လက်မ
ဖျာပုံမြို့	၅ ဒသမ ၀၇ လက်မ
ကျိုက္ကမီမြို့	၄ ဒသမ ၇၆ လက်မ
ကျောက်ဖြူမြို့	၄ ဒသမ ၂၆ လက်မ
ငါးသိုင်းချောင်းမြို့	၄ ဒသမ ၁၃ လက်မ
ကျောက်တော်မြို့	၃ ဒသမ ၉၈ လက်မ
ကျိုက်မရောမြို့	၃ ဒသမ ၅၄ လက်မ
ညောင်တုန်းမြို့	၃ ဒသမ ၂၀ လက်မ